

ဒေါင်းအိုးဝေ
တွန်သံကြားကျော့ဆင့်
မိချမ်းဝေ

အခန်း (၁)

## “ဒေါင်းအိုးဝေ တွန်သံကြားရော့ထင့်”

အကယ်စင်စစ် 'ထောင်'ဟူသော ဝေါဟာရသည် ကျွန်မတို့အိမ်နှင့်စိမ်းဆတ်ကွာဝေးသော ဝေါဟာရတစ်ခုဖြစ်သည်။ ကျွန်မတို့နှုတ်ဖျားမှထောင်ဟူသော စကားလုံးကို ပြောဆိုရေရွတ်မိဖို့ အိပ်မက်မျှပင် မက်ဖူးကြသည်မဟုတ်ချေ။ တောင်ကမ်းပါးယံကိုထိပြီးပြန်လာသည့် တောင်ပြန်လေ တို့၏ ဝှေ့ရမ်းမှုမျိုးဖြင့် ကံကြမ္မာအလှည့်အပြောင်း၏ ဝှေ့ဂဲတိုက်ခတ်မှုမှာ ချောက်ချားတုန်လှုပ်မှုတွေ ခိုသီးတွဲပါလာသည်မှာ အမှန်ပင်ဖြစ်တော့၏။

*

ထိုနေ့က အဖေနှင့်အမေ ကပျာကရာ မော်လမြိုင်-မုတ္တမသွားကားဂိတ်ဆီသို့ ထွက်ခွာ လာသည့် မြင်ကွင်းကို ကျွန်မငေးကြည့်နေမိသည်။ အမေက ခရီးသွားလျှင် ကားထက် မီးရထားကို အားပြုပြီးသွားလေ့ရှိသည်။ သည်တစ်ခါတော့ ရထားလက်မှတ်ခံရသည့်ဒုက္ခ၊ မသေချာသည့် ရထားအလာကို စောင့်ရသော ဒုက္ခများကို ထားရစ်ကာ အမြန်စီးအမြန်ရောက်ကားလမ်းနှင့် သွားမည်ဟု ရွေးချယ်လိုက်မှုထဲတွင် 'သားဇော'က ကပ်ပါနေမည်မှာ မလွဲပင်။

မော်လမြိုင်ကောလိပ်မှာ အစ်ကိုကြီးကိုဖမ်းလိုက်ပြီ ... ဆိုသည့်သတင်းစကားသည် ကန်ရေပြင်လို ငြိမ်သက်နေသောမိသားစုကို လှုပ်လှုပ်ခတ်ခတ်ဖြစ်စေလေသည်။ အမေသည် သူ အားထားရဆုံးသားကြီး၊ သူအချစ်ဆုံးသားကြီး၊ ကောလိပ်ကျောင်းသားဖြစ်နေသော သား

တစ်ယောက်အတွက် ဂုဏ်ယူမာန်တက်နေဆဲ… အစ်ကိုကြီး အဖမ်းခံရသော သတင်းသည် အမေ့ ရင်ကိုလောင်မီးကျစေမှာ အမှန်ပင်။

ကျွန်မသည် အိမ်ဂရန်တာစွန်းမှာ အဖေ၊ အမေတို့ ထွက်ခွာရာကိုကြည့်ပြီး အစ်ကိုကြီး အကြောင်းကို စဉ်းစားနေမိသည်။ အစ်ကိုကြီးသည် အဖေအမေတို့၏ သားဦးဖြစ်ပြီး ကြားမှာ အစ်ကိုကြီးနှင့်ခပ်လှမ်းလှမ်းဖြစ်နေသည်။ အစ်ကိုကြီးနှင့်အစ်ကိုငယ် အသက် ၉ နှစ်ကွာပြီး ကျွန်မ နှင့်အစ်ကိုငယ်ကလည်း အသက် ၅ နှစ်ခြားသေးရာ အကြီးအငယ်သဘောအရရော၊ အရွယ်မတူ တာပါ အိမ်မှာ အဖွဲ့မကျလှပါချေ။

ကျွန်မ မှတ်မိသလောက် အိမ်မှာအစ်ကိုကြီးကို သိပ်မမြင်ရ။ ရန်ကုန်မှာ ငယ်စဉ်ကပင် ဘော်ဒါထားသည့်အတွက် ကျောင်းပိတ်မှအိမ်ပြန်လာတတ်သည်။ အိမ်ပြန်လာလျှင်တော့ ကျွန်မတို့ အိမ်ထုံးစံ အဖေ မီးဖိုချောင်ဝင်သည့်အိမ်ဖြစ်သည့်အတွက် အစ်ကိုကြီးကို မီးဖိုမှာမြင်ရတတ်သည်။ အစ်ကိုကြီးချက်လေ့ရှိသော ပဲကုလားသီးစုံဟင်းသည် အလွန်စားကောင်းသည်။ သို့သော်လည်း စိတ်ရှည်မှုကတော့ အဖေ့ကိုမမီပါ။ မောင်နှမလေးယောက်ထဲမှာ အငယ် မိန်းကလေးနှစ်ယောက်ကို အဖေအလိုလိုက်လွန်းလှရာ ကျွန်မ၏ အစားအသောက် ဂျီဂျောင်နိုင် မှုအပေါ် အစ်ကိုကြီးက အဖေ့ကို စိတ်မရှည်ပါပေ။

သူလုပ်တာကိုင်တာမဟန်လျှင် ကျွန်မက အဖေ့ကိုတိုင်တတ်သေးရာ အဖေဆူတာ မကြာ ခဏခံရသူဖြစ်သည်။ ကျွန်မကလည်း ဝက်သားကို ဝက်သားပေါင်းမစား၊ ဝက်သားဟင်းမစား၊ ဘုရားဈေးတန်းကဝက်ခေါင်းသုတ်တော့စားသူဖြစ်သည်။ ထိုအဆာကျယ်မှုကို အစ်ကိုကြီးမကြိုက်၊ အဖေ့ကို မလွန်ဆန်နိုင်သဖြင့် ချက်ပေးနေရသော်လည်း စိတ်ကမရှည်။ အဖေ့နောက်ကွယ်မှာ ကျွန်မကို ခေါ်ပုံက သမီးတော် ရွှေမှုန်…တဲ့။

ထိုအစ်ကိုကြီးသည် ကျွန်မတို့မြင်ကွင်းထဲပေါ်လိုက်ပျောက်လိုက်၊ နောက်တော့ အစ်ကိုကြီး မက်ထရစ်အောင်သွားပြီး ရန်ကုန်မှာပင်

တက္ကသိုလ်ဆက်တက်နေသည်ဟု နားလည်ထားလိုက် သည်။ တစ်နေ့ အိမ်မှာအဖေနှင့်အမေ အစ်ကိုကြီးအကြောင်း တီးတိုးပြောနေကြသည်။

"မဖြစ်ဘူး ... မဖြစ်ဘူး၊ ဒီကောင့်ကို မော်လမြိုင်ကောလိပ် ရွှေ့မှ..."

အဖေဆုံးဖြတ်တာ အမေလည်းလက်ခံသည်။ အစ်ကိုကြီးခြေကို အမေလည်းမြင်မည်ပင်။ ကျောင်းပိတ်လို့ ကောလိပ်ကျောင်းသားတွေအိမ်ပြန်လာလျှင် အစ်ကိုကြီးမရောက်လာသေး။ ရက် အတန်လွန်မှ ပြန်လာသည်။ အကျႌပခုံးထောင့်စွန်းတွေ စုတ်နေတာကို အမေစစ်တော့ ကျောင်းသူ တွေရဲ့ သံသေတ္တာတွေထမ်းပြီး ရထားပေါ်တင်ပေးလို့ရတဲ့။ ကျောင်းသူ ကျောင်းသားတွေအားလုံး ပြန်တာကုန်မှ အစ်ကိုကြီးပြန်ရောက်လာလေ့ရှိသည်။ အများအတွက် အနစ်နာခံလိုသောစိတ်ဓာတ် သည် အစ်ကိုကြီးရင်မှာ ကိန်းဝပ်ပြီးသားဖြစ်နေသည်ကို အမေသိနေသည်။

ကျွန်မတို့ သိပ်ငယ်သေးသဖြင့် ရန်ကုန်မှာဘာတွေဖြစ်သည် မသိရ၊ မော်လမြိုင်ကောလိပ် ရောက်မှ အစ်ကိုကြီးကို ဖမ်းလိုက်ပြီဟု ကြားရခြင်းဖြစ်သည်။

မြို့ကလေးက ကျဉ်းကျဉ်းကလေးမို့ ထိုသတင်း ချက်ချင်းပျံ့သွားကာ မကြုံစဖူး အထူး အဆန်းဖြစ်နေတော့၏။ အဖေရောအမေပါ မော်လမြိုင်လိုက်သွားကြသဖြင့် အိမ်မှာကလေး တွေချည်းကျန်ခဲ့ရာ အစ်ကိုငယ်ချက်ကျွေးသမျှ ဖြစ်သလိုငြိမ်သက်စားသောက်ကြရလေ၏။

အဖမ်းခံရတယ်ဆိုတာ ကောင်းသည့်အမှုကိစ္စ မဟုတ်သည့်အတွက် ကျွန်မအစ်ကိုကြီးကို သနားလှ၏။ ဘာကြောင့်အဖမ်းခံရတာ လဲ၊ ဘာတွေလုပ်လို့လဲ၊ မြို့မှာ ကျွန်မတို့နေထိုင်မှုပုံစံက ဝင်းနှင့်ခြံနှင့်မို့ ခြံဝင်းထဲဝင်လာပြီး ဘယ်သူမှစပ်စပ်စုစုမမေးသည့်အတွက် တော်ပေသေး၏။ အဖေ အမေတို့ အလုပ်အကိုင်အရရော၊ ရပ်ရွာက လေးစားတာပါ မမေးဝံ့မမေးသာသည်လည်း ဖြစ်နိုင်၏။

အဖမ်းခံပြီဆို ထောင်ကျပြီပေါ့။ ထောင်ကျရင်အိမ်ပြန်မလာရတော့ဘူး။ အစ်ကိုကြီးကို တစ်နှစ်နှစ်ကြိမ် သုံးကြိမ်မြင်နေရာက လုံးဝမြင်ရတော့မှာမဟုတ်၊ ကျွန်မပါးပြင်ပေါ် မျက်ရည်ပူတွေ လိမ့်ဆင်းလာသည်။ အစ်ကိုကြီး၏ သွက်သွက်လက်လက်ပြောဆိုဟန်၊ စကားပြော လေယူ လေသိမ်းကောင်းကောင်း၊ မှက်မှန်ကိုလက်ဖြင့် ပင့်တင်လိုက်ဟန်.... အစ်ကိုကြီး၏ အရိပ်သဏ္ဍာန် တွေ ပြန်မြင်လာသည်။ သူက အမေ့သားဦးအဖြစ် ဘားအံမြို့မှာမွေးသဖြင့် အမေ့အမျိုးဘက် နွယ်ကာ မွန်စကားကောင်းကောင်းပြောတတ်သည်။ သူပြန်လာလျှင် အမေနှင့်မွန်လိုပြောလေ့ရှိ သည်။ အထူးသဖြင့် ကျွန်မတို့မသိစေလိုသော အကြောင်းများကို မွန်လိုပြောလေ့ရှိသည်။

အစ်ကိုကြီးအကြောင်းစဉ်းစားရင်းသည်နေရာရောက်လျှင်ကျွန်မပြုံးချင်၏ ။ တစ်ခါတုန်းက အစ်ကိုကြီးကျောင်းမှအိမ်အပြန် တိုက်ပုံတွေဘာတွေနှင့် ရှိုးကောင်းစွာရထားစီးပြီး ပြန်လာ၏ ။ ရထားပေါ်မှာ မွန်မလေးနှစ်ယောက်က အစ်ကိုကြီးကို ကွက်ကြည့်ကွက်ကြည့်နှင့် ဖြစ်လာသည်။ သူတို့အချင်းချင်းလည်း မွန်လိုပြောကြသေးသည်ဆို၏ ။ 'ခန့်ချောကြီးနော်... ကောလိပ်ဂျင်နေဝင်း နဲ့တူတယ်... နင်ကြိုက်လိုက်ပါလား၊ နင့်လူ ငါ့လူနှင့်စကားဖောင်ဖွဲ့လာကြသည်။ အစ်ကိုကြီးကား မွန်စကားနားလည်သူမို့ အားလုံးသိသော်လည်း တစ်လမ်းလုံး မသိချင်ယောင်ဆောင်လာ၏ ။ သထုံ ဘူတာဆိုက်ခါနီး ဆင်းမည်ပြင်တော့မှ အကျႌအိတ်ထဲမှ စီးကရက်ကို ဟန်ပါပါထုတ်ခါ၊ ဆေးလိပ်ဖွာ နေသူ မွန်မလေးဆီဆို့(ကောကမွတ်ညိ-မီးလေးတစ်တို့လောက်)ဟုတောင်းလိုက်ရာ တစ်လမ်းလုံး ပြောချင်ရာပြောခဲ့သူတွေ အတော်ခွကျသွားကြသည့်အကြောင်း အစ်ကိုကြီးပြောပြဖူးသည်။ အစ်ကိုကြီးကား ထိုသို့မင်သေသေ စတန့်လုပ်တတ်သူဖြစ်သည်။

နှစ်ရက်ခန့်ကြာတော့ အဖေနှင့်အမေပြန်ရောက်လာသည်။ အမေသည် အသွားတုန်းကနှင့် လုံးဝမတူ၊ အထူးပင် တက်ကြွရွှင်လန်းလာသည်မှာ

သားအဖမ်းခံရသောမိခင်နှင့်တောင် မတူသည့် အတွက် ကျွန်မတို့မှာ အံ့အားသင့်နေတော့၏။ အမေ့ကျောင်းမှ လုပ်ဖော်ကိုင်ဖက် ဆရာ၊ ဆရာမ တွေ သတင်းမေးရောက်လာမှ အကြောင်းစုံသိရ၏။

"ကိုယ့်သား အဖမ်းခံရတယ်ဆိုတော့ ရင်ပူဆိုက်ပြီးသွားတာပေ့ါ။ ဟိုရောက်တော့ ဆရာတွေရော ကျောင်းသားတွေပါ အားပေးလိုက်ကြတာ။ ဆရာတစ်ယောက်ကဆို ဒီလိုနိုင်ငံရေး အသိနဲ့လှုပ်ရှားပြီး အဖမ်းခံရတာ မငိုပါနဲ့၊ သားအတွက် ဂုဏ်တောင်ယူရဦးမှာ၊ တစ်သောင်းမှာ တစ်ယောက်မထွက်တဲ့သားမျိုး မွေးမိတာ အဒေါ်ဂုဏ်တက်တာပေ့ါတဲ့။ ပြီးတော့လေ ကျောင်းသား တွေ သားသူငယ်ချင်းတွေပေ့ါ၊ အဲဒါနေ့က မြင်ကွင်းကိုပြောပြတယ်။ ပုလိပ်က ဖမ်းဖို့ရောက်လာပြီး သူတရားဟောနေတာ နားထောင်ကောင်းလို့ ရပ်နားထောင်နေကြတာ ဖမ်းဖို့တောင်မေ့နေတယ်။ ဖမ်းပြီး ကားပေါ်လည်းတင်ရော မိန်းကလေးကျောင်းသူတွေ ကားပေါ်ကို အတင်းလုတက်ပြီး လိုက်သွားကြတာ ထောင်ဗူးဝရောက်မှအပြင်မှာကျန်ရစ်တော့တယ်။ အဲဒီ လောက် လူထု ထောက်ခံမှုကို ရခဲ့တာ"

အမေ့စကားက အစ်ကိုကြီးလုပ်ရပ်ကို ဂုဏ်ယူဝံ့ကြွားဟန်အပြည့်ပါနေသည်။ ကျွန်မတော့ နားမလည်၊ ကလေးပီပီ အစ်ကိုကြီး စင်ပေါ်မှာစကားပြောနေဟန်ကို မျက်စိထဲ မြင်ကြည့်နေမိ သည်။ အစ်ကိုကြီးတို့ကို မော်လမြိုင်ထောင်မှာထားသည်ဟု သိရသည်။ ဘာပဲပြောပြော ဖမ်းပြီဆိုမှ ထောင်ကျပြီပေ့ါ၊ ထောင်ကျပြီဆို... အိမ်ကို အစ်ကိုကြီးပြန်မလာနိုင်တော့... ကျွန်မအတွေးတွေ မှုံ့လုံးစက္ကူကပ်ခါ မျက်လုံးထဲ စပ်တပ်တပ်ဖြစ်လာပြန်လည်။ အမေ့တက်ကြွဂုဏ်ယူမှုကို ကျွန်မ နားမလည်နိုင်။

ထောင်... မော်လမြိုင်ထောင်၊ ထောင်ဆိုသည်ကား လေးဘက်လေးတန် ပိတ်ဆီး ကာရံလျက် လူတွေကို သွားချင်ရာမသွားရအောင် ပိတ်ဆီးချုပ်လှောင်ထားရာနေရာ... ဒါဆိုလျှင် ကောင်းစရာဘာရှိလို့လဲ။ ကျွန်မ

အမေ့လိုမတက်ကြွနိုင်၊ ရင်ထဲမှ ဆို့တို့တို့နင်တင်တင် ဖြစ်လာပြန် သည်။

အစ်ကိုကြီးကိုလွမ်းတယ်၊ အစ်ကိုကြီးချက်တဲ့ ပဲကုလားသီးစုံဟင်းကို လွမ်းတယ်။ ဒီတစ်ခါ အစ်ကိုကြီးပြန်လာရင် မီးဖိုချောင်မှာ အလုပ်များအောင် သမီးတော်ရွှေမှုန် မလုပ်တော့ပါဘူး။

ကလေးတစ်ယောက်၏ နောင်တသည် မျက်ရည်များနှင့်အတူ ကြွေကျလာလေသည်။

*

အစ်ကိုကြီးကိစ္စမှာ အဖေနှင့်အမေ တက်ကြွပုံချင်းမတူပါချေ။ အိမ်မှာ အမေကမိန်းမသား ဖြစ်ပြီး ရှေ့ကနေ၏ ။ စိတ်ဓာတ်ခိုင်မာ၏ ။ ဘာမဆို အမေဆုံးဖြတ်ပြီးမှပြီး၏ ။ အဖေက ယောကျ်ား ဖြစ်ပြီး မျက်ရည်လွယ်၏ ။ စိတ်ဓာတ်ပျော့ညံ့၏ ။ ဘာမဆို သူ့ဖာသာ ဘာမှမဆုံးဖြတ်။ အမေ မော်လမြိုင်ကပြန်လာပြီး သားလုပ်ရပ်ကို ဂုဏ်ယူအားတက်စွာ စိတ်ဓာတ်တည်ငြိမ်မှုကို ရသွား သလောက် အဖေက တစ်နည်းတစ်ဖုံ တက်ကြွလာပြန်သည်။

အဖေသည် ဗေဒင်ဆရာတကာ့ ဗေဒင်ဆရာတွေဆီရောက်၏ ။ အကြားအမြင်ဆရာတွေဆီ ရောက်၏ ။ အိမ်မှာ ယတြာအမျိုးမျိုးချေ၏ ။ တစ်နေ့တော့ ဆရာတစ်ယောက်ခေါ်လာကာ အစ်ကိုကြီးအိပ်သည့် ခုတင်ခေါင်းရင်းမှာ ပွဲထိုးပြီးခုတင်ပေါ်မှာလည်း အစ်ကိုကြီး အဝတ်အစား တွေကို လူသေလွှမ်းသလို လွှမ်းထား၏ ။ ဘယ်လိုတွေ မန်းမှုတ်ဦးမည်မသိ၊ အမေကျောင်းက ပြန် လာတော့ ပြင်ထားသောအုန်းငှက်ပျောပွဲကို လွှင့်ပစ်ကာ အမေသောင်းကျန်းတော့ ဆရာလည်း လွယ်အိတ်ဆွဲကာ ဆင်းပြေးသွားတော့သည်။

အဖေနှင့်အမေ ရန်ဖြစ်လိုက်ကြသည်မှာလည်း ကြွက်ကြွက်ညံ။

"ဘာ ယတြာလဲ... ကျွန်မသား သေရွာသွားတာမဟုတ်ဘူး။ ဒီလိုမဟုတ်ကဟုတ်က အယူအဆတွေ အိမ်ကိုမယူလာပါနဲ့။ ယူလာရင် အားလုံးဓားနဲ့စင်းပစ်မယ်"

နတ်ဆိုလျှင် ဘာနတ်မှမယုံသော အမေသည် သည်လိုဓာတ်ရိုက်ဓာတ်ဆင်ကိစ္စမျိုးကို ဘယ်မှာလျှင် ခွင့်ပြုနိုင်ပါမည်နည်း။ အဖေကလည်း သားဇောနှင့်ကြံမိကြံရာ လုပ်မိလုပ်ရာ လုပ်ရပ် များထဲတွင် ဖခင်မေတ္တာတွေ ပြည့်ဝပျော်ဝင်နေပေလိမ့်မည်။

အစ်ကိုကြီး အိမ်ပြန်ရောက်ဖို့ ဓာတ်ရိုက်ဓာတ်ဆင် မလုပ်ရသောအဖေသည် သူ့ပိုင်နက် မီးဖိုချောင်ထဲမှာ တစ်အိမ်လုံးညှော်အောင် အညှော်တိုက်လေတော့၏ ။ အစ်ကိုကြီးကို ထောင်ဝင် စာတွေ့ရန် ချက်ပြုတ်ကြော်လှော်နေခြင်းပင်။ ပြီးလျှင် ဆွဲခြင်းကြီးနှင့်အပြည့်အမောက်ထည့်ကာ မော်လမြိုင်သို့ ထောင်ဝင်စာတွေ့ရန် ထွက်သွားတော့၏ ။ ထိုကိစ္စကိုတော့ ဝင်ရောက်စွက်ဖက် ကန့် ကွက်ခြင်းမပြုဘဲ အမေမျက်နှာလွှဲထားလေ၏ ။

သည်လိုနှင့် နှစ်ကာလတွေ ရွေ့လျားသွား၏ အဖေအချန်တန်လျှင် ကြော်လှော်မြဲ၊ ဆွဲခြင်းကြီးကို ကိုင်မြဲ... မော်လမြိုင်ကိုထွက်သွားမြဲ...။ အစ်ကိုကြီးလည်း အိမ်ပြန်မလာသေး။

တစ်နေ့တော့ အဖေက ကျွန်မကို တိုးတိုးပြော၏ ။

"ဒီတစ်ခေါက် အဖေ မော်လမြိုင်သွားရင် သမီးလိုက်မလား၊ အစ်ကိုကြီးနဲ့တွေ့ရမယ်"

"ဟင် ... တကယ်..."

"တကယ်ပေါ့…၊ ရှူး…တိုးတိုး၊ သမီးအမေ မယ်ဒေါသာ သိသွားဦးမယ်။ အစ်ကိုကြီးကိုစ္စ မပြောနဲ့ဦး"

အစ်ကိုကြီးနဲ့ တွေ့ရမယ်ဆိုတော့ ကျွန်မကလေးပီပီ အလွန်ပျော်သွားလေသည်။ တကယ်တော့ ကျွန်မအဖေသွားရာနောက် တကောက်ကောက်လိုက်နေကျပင်။ အဖေအလိုလိုက် သဖြင့် အဖေတို့ဌာနမှ အမတော်ကြေးကျေးလက်တောရွာတွေအထိ လိုက်ပေးလျှင်ပင် ကျွန်မပါ နေကျ။ စစ်တပ်မှ တပ်စိတ်တစ်စိတ် ထည့်ပေးတတ်ရာ ရဲဘော်တွေကြားမှာ အဖေ့သမီးအဖြစ် ညာ စားခဲ့သည့်ခရီးစဉ်တွေ မမေ့သေး။ ယခုနောက်ပိုင်း အတန်းကြီးလာတာရော၊ အရွယ်ရလာတာပါ ကျွန်မ အဖေ့နောက်လိုက်ခွင့်မသာတော့။ ဒီတစ်ခါတော့ အဖေ အမေ့ကို ဘယ်လိုပြောဆို စည်းရုံး သည်မသိ၊ ကျွန်မကို ခေါ်သွားဖို့ အမေခွင့်ပြုလိုက်သည်။

အဖေနှင့်ခရီးသွားလျှင် အိမ်မှာ မစားရတာ တွေ အကုန်စားရသည်။ ဇင်းကျိုက်ဘူတာမှာ ထမင်းထုပ်မှာစားတော့ ချဉ်ပေါင်ကြော်နှင့်ကြက်ပေါင်ကြော်ကိုက်ရတာ အရသာရှိလှ၏ ။ ထန်းသီး သည်ဆိုလည်း လာပါဦး၊ ကြက်မောက်သီးသည်ဆိုလည်း လာပါဦး၊ မရတာ ကြာပြီဖြစ်သော လွတ် လပ်ပျော်ရွှင်ခြင်းတွေ သားအဖနှစ်ယောက်စလုံး ပြန်ရနေကြ၏ ။

မုတ္တမရောက်တော့ ဟိုဘက်ကမ်းကို နှစ်ထပ်သင်္ဘောကြီးနှင့်ကူးရသေး၏ ။ ငွေစင်ရော်တွေ ကို ပေါင်မုန့်အစကလေးတွေ ပစ်ကျွေးရင်း သံလွင်မြစ်ပြင်ကိုငေး၊ အဝေးတောင်တန်းစေတီတွေ ရှိရာ မော်လမြိုင်မြို့ကြီးကိုငေး။ ဟိုဘက်ကမ်း သင်္ဘောဆိုက်တော့ လူအုပ်ကြီးနဲ့ရောပြီး ကမ်းပေါ် တက်၊ မြင်းလှည်းပေါ်ရောက်တော့… ဘုံပြတ်ခေါ် မြင်းလှည်းကလေးနဲ့… ဆိုသည့်မမတို့ မော်ရွှေမြိုင်သီချင်းကိုပင် သတိရသေး။

အခု အဖေတို့သွားတဲ့နေရာက ဒိုင်းဝန်ကွင်းရပ်ကွက်ကိုတဲ့။

သစ်သားအိမ်ကြီးတစ်ဆောင် ရှေ့ရောက်တော့ သားအဖနှစ်ယောက် ဆင်းပါရော။ အဲဒီ နေ့က ကျွန်မကအမေ့လက်ဖြစ် လေထီးပုံ ဂါဝန်ကလေးနဲ့၊ အိမ်ထဲရောက်တော့ အဖေက အိမ်ရှင်လူကြီးနဲ့စကားတွေပြောကြသည်။ ထိုလူကြီး မှာလည်း ကျွန်မအရွယ်သမီးလေးတစ်ယောက်။ ခဏကြာတော့ လူကြီးကနာရီကြည့်ကာ နေရာမှ ထသည်။ သူ့ဦးထုပ်ကို ကောက်ဆောင်းသည်။ ကျွန်မကိုလည်း ထိုဦးထုပ်မျိုးတစ်လုံးဆောင်းပေး သည်။ သူ့သမီးကိုလည်း ထိုနည်းတူဆောင်းပေးသည်။

ကျွန်မတို့နှစ်ယောက်ကို လက်ဆွဲကာထွက်လာတော့ ကျွန်မနောက်ဆံငင်စွာ အဖေ့ကို လှည့်ကြည့်...လှည့်ကြည့်နှင့်၊ အဖေက လိုက်သွားဆိုပြီး လက်နှင့်လုပ်ပြသည်။ လိုက်သွားဆိုလည်း သွားရမည်ပေါ့။ စိတ်ထဲမှာတော့ အမျိုးအမည်မဖော်ပြတတ်သော ခံစားမှုတစ်မျိုးခံစားနေရသည်။ အတော်ကလေးလျှောက်မိတော့မှ ထိုနေရာသည် ထောင်မှန်းသိတော့၏ ။ လူကြီးသည် ရှေ့မှ စိုက်စိုက်နှင့် လှေကားအတိုင်းတက်သွားရာ ကျွန်မတို့ကလေးနှစ်ယောက်လည်း ဂါဝန်ကလေးတွေ ဖဲပြီး လိုက်တက်သွားသည်။ အပေါ်ရောက်တော့ အမိုးမိုးထားသော အဆောက်အအုံကလေးထဲ ရောက်သွားပြီး ရှိရင်းစွဲလူနှင့် ဂျူတီလဲကြတော့၏ ။

လူကြီးသည် သူ့သမီးလေးကို မကြာခဏ ထိုတာဝန်ကျရာ နေရာသို့ ခေါ်လာတတ်ဟန် တူသည်။ ဂျူတီလဲသည့်သူသည် ကျွန်မတို့ ကလေးနှစ်ယောက်ကို ဘာမှအရေးတယူမပြု။ သို့သော်လည်း ဤနေရာသည် ထောင်နံရံ လေးဘက်ထောင့်ထဲမှ တစ်ခုသောထောင့်ဖြစ်မှန်း သိသောအခါ ကျွန်မလက်တွေ စေးထန်းအေးစက်လာသည်။ ထိုနေရာမှကြည့်လျှင် ထောင်ထဲမှ အဆောက်အအုံများကို မြင်နေရသည်။

လူကြီးက အောက်ကိုငုံ့ကြည့် အသံပြုကာ တစ်ယောက်ယောက်ကို လှမ်းပြောလိုက်သည်။

"... ကို ခေါ်ပေးပါ"

အစ်ကိုကြီးနာမည်ကို ပြောလိုက်ခြင်းဖြစ်သဖြင့် အစ်ကိုကြီးကိုတွေ့ရတော့မည်ဖြစ်သည်။ လူကြီးက အားပေးသည့်အနေဖြင့် ကျွန်မကိုပြုံးပြကာ ဦးထုပ်ကိုခပ်ငိုက်ငိုက်ပြင်ဆောင်းပေးလိုက် သည်။ ဟိုအောက်ဘက်က နေရာကလေးကို ကြည့်နေ အစ်ကိုလာလိမ့်မယ်...တဲ့။ လူကြီးပြသည့် နေရာမှာ အဆောက်အအုံတစ်ခု၏ အမိုးစွန်းကလေးပင်။ မကြာမီ ထိုနေရာ၌ လုံချည်အဖြူ အကျႌအဖြူ(အပေါ်ဖြူ အောက်ဖြူ)နှင့်လူတစ်ယောက် လာရပ်သည်။ ဟော... အစ်ကိုလာပြီ နှုတ်ဆက်လိုက်... နှုတ်ဆက်လိုက်တဲ့။

ကျွန်မကား အံ့ဩဆွံ့အစွာ ဘာသံမှမထွက်လာပါချေ။ ထိုမုတ်ဆိတ်မွေး ပါးမြိုင်းမွေးတွေ ဗရပျစ်နှင့်ဖြူလည်း မဖြူတော့သော အဖြူရောင်ဝတ်စုံနှင့်လူဟာ ကျွန်မအစ်ကိုကြီးလား...ဟင်အင်း ...ဟင်အင်း...မဟုတ်ဘူး။ အစ်ကိုကြီးမဟုတ်ဘူး။ ကျွန်မ အစ်ကိုကြီးက ကောလိပ်ကျောင်းသား ခန့်ခန့်ချောချော ကောလိပ်ဂျင်နေဝင်းနဲ့တူတဲ့ လူ။ အခုလူက...

"ညီမရေ ... အဖေ၊ အမေတို့နေကောင်းလား"

အောက်ဆီမှ အသံပျံ့လွင့်တက်လာသည်။ ဟင်... အစ်ကိုကြီးရဲ့အသံ... ဒါဆိုရင်... ဒါဆိုရင်...ကျွန်မ အီးခနဲ ငိုချလိုက်သံကြောင့် လူကြီးပျာရာခတ်သွားတော့သည်။ မငိုနဲ့ မငိုနဲ့ သူများတွေကြားကုန်မယ်... စကားပြောပါ၊ တွေ့ရတုန်း အစ်ကို့ကို စကားပြောပါ... ထိုနေ့က ကျွန်မ ငိုနေတာ ဘယ်လိုမှအရှိန်မသတ်နိုင်သဖြင့် အစ်ကိုကြီးနှင့်ဘာတစ်ခွန်းမှ ကောင်းမွန်စွာမပြောခဲ့ရ ပါချေ။ မထင်မှတ် တွေးမထင်ထားသည့် အဆင်အပြင်ဖြင့် အစ်ကိုကြီးကိုမြင်လိုက်ရသဖြင့်လည်း ဝမ်းနည်းပက်လက်ငိုမဆုံးဖြစ်သွားဟန်တူသည်။

ပြန်လာတော့ အခွင့်အရေးရခဲ့ပါလျက် အသုံးမချခဲ့သောကျွန်မကို

အဖေက တဖျစ်တောက် တောက်။ နောင်သော် အမေသိသွားသော်လည်း ဘာမှမပြောပါ။ အဖေ ထောင်ဝါဒါနှင့်ပေါင်းကာ တစ်မျိုးပြီးတစ်မျိုးလုပ်နေတာကိုလည်း မသိချင်ယောင်ဆောင်နေတော့၏ ။

*

အစ်ကိုကြီးထောင်မှလွတ်လာသောအခါ အမေဖြစ်စေချင်သောဆန္ဒသည်အိမ်ထောင်ပြုရေး ပင်ဖြစ်သည်။ အိမ်ထောင်ပြုမှ ခြေငြိမ်မယ်ဟု အမေသဘောထားလေသလား။ ရန်ကုန်တက္ကသိုလ် မှာတုန်းက ချစ်ကျွမ်းဝင်ခဲ့သူ ထောင်ထဲရောက်နေစဉ်(၄)နှစ် ၃ လလုံးလုံး စောင့်စားနေခဲ့သူ ရေနံချောင်းသူ မမညိုကိုအစ်ကိုကြီးဘာကြောင့် လက်မခံတော့မှန်းမသိ။ မမညိုဘက်မှ ဘာတွေ အပြောအဆို မှားခဲ့လေသလဲ။ အမေက မမညိုအကြောင်းပြောလျှင် အပြောမခံ။ အားမာန်သစ် စာပေဆိုပြီး စာအုပ်ဆိုင်ဖွင့်ကာ တစ်ဖက်မှ မြို့နယ်သတင်းထောက်လုပ်လေ၏ ။

အစ်အကိုကြီး နိုင်ငံရေးဘက်ပြန်လှည့်သွားမှာစိုးသဖြင့် အမေသည် အိမ်ထောင်ရေးကိစ္စကို အတင်းအကြပ်မလုပ်ပါချေ။ ကျွန်မတို့လည်း အရွယ်ရောက်လာပြီဖြစ်ရာ ရန်ကုန်သမဂ္ဂအဆောက် အအုံဖြိုသည့်ကိစ္စ ဇူလိုင်(၇)ရက်အရေးအခင်းနှင့်ပတ်သက်ပြီး လှုပ်ရှားသဖြင့် အစ်ကိုကြီး မော်လမြိုင်ကောလိပ်မှာ အဖမ်းခံရသည့်ကိစ္စတွေ သိလာသည်။ နောင်နှစ်ပေါင်းကြာသော် အစ်ကိုကြီး အဖမ်းခံရစဉ် စိတ်ဓာတ်ကြံ့ခိုင်ဖို့ အားပေးသည့် ဆရာမှာ ဆရာဦးအောင်သင်းဟုသိရ သည်။ နိုင်ငံရေးမလုပ်တော့သော်လည်း မြို့မှာတော့မဟုတ်မခံ၊ လက်စွမ်း(ကလောင်စွမ်း) ထက်သည့် သတင်းထောက်တစ်ယောက်ဖြစ်လာသည်။

မကြာမီကပင် ရန်ကုန်မှာ ဆရာအထောက်တော်လှအောင်

သတင်းဂျာနယ်ထုတ်တော့ ဆရာအောင်ပြည့်နှင့်အတူ အလုပ်လုပ်ရန် ရန်ကုန်တက်သွားတော့၏ ။ အမေနှင့်အိမ်ထောင်ရေး ကိစ္စဆွေးနွေးတာ မတင်မကျဖြစ်ကြတာရော၊ မြို့ကလေးကို အချဉ်ပေါက်နေတာပါရောပြီး အစ်ကိုကြီးရောက်တော့ အိမ်ကို ဓာတ်ပုံတစ်ပုံ ပို့လိုက်လေသည်။ မီးရထားတံခါးဝမှာ လက်ပြနှုတ်ဆက်နေသည့်ပုံ။ ဓာတ်ပုံနောက်ကျောမှာ ရေးထားသည်က နှုတ်ဆက်ပါတယ် သထုံကို...တဲ့။ အစ်ကိုကြီး တကယ်ပဲ သထုံကိုနှုတ်ဆက်သွားပြီလား။

အစ်ကိုကြီး ရန်ကုန်ထွက်သွားတော့ သူ့အားမာန်သစ်စာပေမှ စာအုပ်တွေအိမ်ပေါ်ထိုးတင်ခဲ့ တော့ရာ ကျွန်မအကြိုက်ဖြစ်သွားခဲ့၏ ။ အမေက ကျောင်းသားအပြင် စာအုပ်ကိုင်တာမကြိုက်သူဖြစ် သည်။ အစ်ကိုကြီး စာအုပ်ပုံကြီးက ကျွန်မကိုလက်ယပ်ခေါ်နေသည်။ မြန်မာပြည်မြောက်ပိုင်းလို ဝတ္ထုမျိုး၊ ရေနံ့သာခင်ခင်ကြီးလို ဝတ္ထုမျိုး အမေမသိအောင် ခိုးဖတ်ရတာ လွယ်တော့မလွယ်လှ။ အစ်ကိုကြီး ရန်ကုန်ရောက်ပြီး သတင်းရေးလျှင် "ကြည်မြင့်-သထုံ"နှင့် ရေးပြီး ဝတ္ထုရေးလျှင် မင်းမင်းဦးနှင့်ရေးသည်။ ကြခတ်ဆူးအမည်နှင့်လည်း သရော်စာတွေရေးသေးသည်။

အစ်ကိုကြီးက အပြောကောင်းသလို အရေးကောင်း၏ ။ သူက သတင်းလိုက်ရာမှာ သွက်သလို သတင်းရေးရာမှာ ထက်သည်။ ကျွန်မလည်း အစ်ကိုကြီးကို အားကျလာသည်။ စာတို စာစရေးချင်လာသည်။ စာစီစာကုံးပြိုင်ပွဲတွေမှာ ဆုရလာသည်။ အိမ်မှာ မောင်နှမသုံးယောက် ကျန် သည့်အထဲ ကျွန်မအစ်ကိုကြီးနှင့်သွေးနီးလာသည်။ ငယ်ငယ်က အနေလှမ်းသလောက် ကြီးလာ တော့ တဖြည်းဖြည်းနီးလာသည်။ သူစိတ်ပြေတော့ သထုံတစ်ခေါက်ပြန်လာစဉ် ကျွန်မရဲ့ "ကျော်ဟိန်း အလိုရှိသည်" ဆောင်းပါးအိုးဝေဂျာနယ်မှာ ပါလာသည်။ အစ်ကိုကြီး ကြွေးကြော်မြည် တမ်းလိုက်ပုံက "ဒါမှ ငါ့ညီမကွ...တဲ့"။

နောက်တော့ သတင်းဂျာနယ် ပတ်စာချာဖျာသိမ်းတော့ အစ်ကိုကြီး သထုံအပြီး ပြန်လာရ သည်။ H.G.P ရှေ့နေသင်တန်းတက်ကာ ကျူရှင်ဆရာလုပ်သည်။ သတင်းစာကိုယ်စားလှယ်ယူ သည်။ သတင်းထောက်လည်းပြန်လုပ်သည်။ သည်တစ်ခါ အစ်ကိုကြီး နှစ်သက်သည်ဆိုသော မမညွန့်ကို အမေရှောရှောရှူရှူလက်ခံသည်။ မင်္ဂလာပွဲကြီးကြီးကျယ်ကျယ် ကျင်းပပေး၏ ။ ရန်ကုန် မှ ဆရာအထောက်တော်လှအောင်နှင့်ဇနီး ဒေါ်ကြည်ကြည်မြင့်တို့ကိုယ်တိုင် လာရောက်လက်ထပ် ပေးသော မင်္ဂလာပွဲ၊ မြို့မှာ လူပြောများလှ၏ ။

နောက်ပိုင်း အစ်ကိုကြီး၏ ဘဝစာမျက်နှာများပြောင်းလဲသွား၏ ။ အစ်ကိုကြီးလက်ထပ်ယူ သော မမညွန့်သည် စာအကြောင်း ပေအကြောင်း နိုင်ငံရေးအကြောင်း စိတ်မဝင်စားသူ၊ ရောင်းရေး ဝယ်တာဖြင့် ငွေအရှာကောင်းသူ၊ မိုးလင်းလျှင် အစ်ကိုကြီးသည် အဖေ့နှယ်ပင် မီးဖိုထဲမှ မထွက်ရ တော့။ ဈေးသွား၊ ချက်ပြုတ်၊ အချိန်တတန်တော့ ရှေ့နေအမှုလိုက်ဖို့ ရုံးကိုထွက်သွားတော့၏ ။

မမညွန့်က စီစီလောင်သမား၊ အရောင်းအဝယ်ဓာတ်ခံရှိသူ။ ကိုယ့်အတွက် ကျန်မည့် မြတ်မည့်အလုပ်တွေလုပ်သည်။ ဈေးကြီးထဲမှာ အထည်ဆိုင်နှင့်၊ မြို့မှာလည်းခြံနှင့်တိုက်နှင့်။ သား သမီးလည်း သားတစ်ယောက်၊ သမီးတစ်ယောက် ပွားစီးလာသည်။

ကျွန်မလည်း ဆရာမကြီး(ဒေါ်)ခင်နှင်းယု၊ (ဒေါ်)ခင်ဆွေဦးတို့ စာတွေဖတ်ပြီး ကြီးပြင်းလာ သည်။ ဆရာနတ်နွယ်၏ မြန်မာပြည်မြောက်ပိုင်းဂတ္တူကြီးက ကျွန်မကိုမြန်မာပြည်တောင်ပိုင်းဆီ တွန်းပို့လိုက်၏ ။ ကျွန်မပင်လယ်မှာ အနေကြာသွား၏ ။ တစ်နှစ်တစ်ခေါက် ဇာတိမြေပြန်ရောက် လျှင်တော့ အစ်ကိုကြီးအိမ်ရောက်မြဲ။ တိုးတက်ကြီးပွားနေသော အစ်ကိုကြီးအိမ်အဆင်အပြင်ကို ကြည့်၍ ကျေနပ်မှုဖြစ်ရပေမဲ့ အစ်ကိုကြီး၏ တစ်ကိုယ်ရေတိုးတက်မှုကိုတော့ အားမရပါပေ။

မြို့နယ်စာပေ စာနယ်ဇင်းဌာနတွင် လုပ်နေသော်လည်း အစ်ကိုကြီးစာကိုဖြစ်ဖြစ်မြောက်မြောက် မရေး တော့။ ရှေ့နေအဖြစ် အောင်မြင်နေသည်ဟုတော့ ကောင်းသတင်းကြားရသည်။

သည်လိုနှင့် နှစ်ကာလတွေ ရွေ့လျားသွားပြန်သည်။ ၈၈-အရေးအခင်းအပြီး ၁၉၉၀-ပြည့် လွန်နှစ်တွင် ဇာတိမြေကို ပြန်ရောက်တော့ အစ်ကိုကြီးအလုပ်စားပွဲ မှန်ပေါင်အောက်မှာ ဒေါ်အောင်ဆန်းစုကြည် လက်သီးဆုပ်ပြီးလက်မြှောက်ထားသည့်ပုံကိုတွေ့ရသည်။ လက်သီးဆုပ်မှ သွေးတွေကျနေသည်။ ကျွန်မအစ်ကိုကြီးကိုလှမ်းကြည့်တော့ အစ်ကိုကြီးကကျွန်မကို လက်သီး ဆုပ်ကာ မြှောက်ပြ၏ ။

ဩော်...

ကျွန်မအစ်ကိုကြီးကို နည်းနည်းနားလည်သွားသလိုပါပဲ။ တစ်တိုင်းလုံး တစ်ပြည်လုံး အုံကြွနေမှတော့ အစ်ကိုကြီးက ဘာသားနှင့်ထုထားသည်မို့လဲ။ နောက်တော့ အရေးအခင်းကာလ ညမထွက်ရအမိန့်ထုတ်ထားစဉ် တစ်အိမ်နှင့်တစ်အိမ် ချိတ်ဆက်၍ အသံစနစ်ဖြင့်ဆန္ဒကိုထုတ်ဖော် သွားသော လုပ်ရပ်မှာ အစ်ကိုကြီးအကြံဉာဏ်တွေဖြစ်ကြောင်း ပြန်သိရသည်။

ဩော်... အစ်ကိုကြီး သွေးတွေနီတုန်းပဲပါလား။

*

အခုတစ်လော အယ်ဖိုင်းမားဆိုသောစကားတွေ ခပ်စိပ်စိပ်ကြားလာရသည်။ အစ်ကိုကြီး တစ်ယောက် အယ်ဖိုင်းမားရောဂါဖြစ်လို့ အမေ့မေ့ အလျော့လျော့ဖြစ်လာသည်ဆိုသည့်ကိစ္စပင်။ တစ်လောက မမညွှန့်ဆုံးသည်။ မိန်းမ၏ အမိန့်ဩဇာအောက်မှာ နေသားကျခဲ့သော အစ်ကိုကြီး

သည် မိန်းမဆုံးပြီးတော့ အနေခက်လစ်ဟာနေပေလိမ့်မည်။

အမှန်မှာမူ အစ်ကိုကြီး၏ သွေးတွေအစွမ်းကုန်နီခွင့်မရခဲ့။ အနောက်မှအင်အားကြီးကြီး မားမားတစ်ခု အားနှင့်အင်နှင့် တုံ့ဆွဲထား၏။ ထိုအရာကား မမညွန့်ပင်ဖြစ်သည်။ မမညွန့် လက်ညှိုး ညွှန်ရာရေဖြစ်နေရသည့်ဘဝတွင် အစ်ကိုကြီး၏ ကိုယ်ရည်ကိုယ်သွေးတွေ တုံးကုန်သလိုတောင် ထင်ရ၏။ ကျွန်မစာရေးဆရာဘဝဖြင့် ဆရာအထောက်တော်လှအောင်၏ ဇနီး ဒေါ်ကြည်ကြည်မြင့် နှင့်ပြန်တွေ့ရာ ဒေါ်ကြည်ကြည်မြင့်က ရင်ဘတ်ကိုဖိလျက်...

"ငှါမောင် မဟုတ်တော့ဘူး။ အရင်က ဖျတ်လတ်သွက်လက်ခဲ့တဲ့ ငှါမောင် ဘယ်ရောက် သွားပြီလဲ။ မိန်းမတစ်ယောက်ရဲ့သြဇာကို ဒါလောက်ထူထောင်ခွင့်ပေးထားမှတော့..."

အစ်ကိုကြီးကိုကြည့်၍ နှမြောနေခြင်းဖြစ်သည်။ လက်တွဲဖော်သည် အရေးကြီးလှ၏။ ရဲဘော်ရဲဘက်ဖြစ်ဖို့လိုသည်။ အရှင်သခင်ဖြစ်ရန်မလိုပေ။ အစ်ကိုကြီး၏ ရည်းစားဟောင်း မမညိုကို ကျွန်မ မကြာခဏသတိရမိသည်။ မမညိုနှင့်ဆိုလျှင် အစ်ကိုကြီးဘဝ သည်ထက်မကထွန်းတောက် အောင်မြင်မည်ဟု ယူဆမိသောကြောင့်ဖြစ်သည်။

မမညွန့်က ငွေရှာကောင်းသလောက် အစီအမံအကွပ်အကဲ တင်းကျပ်လှသည်ဖြစ်ရာ ဘဝ မှာ ပြည့်ပြည့်စုံစုံနေခဲ့ရသော်လည်း အသုံးချခွင့်မရသောကိုယ်ရည်ကိုယ်သွေးတို့မှာ နှမြောစရာ ကောင်းလှ၏။ မမညွန့်ဆုံးသွားတော့ မေ့လျော့မှုတွေ ပိုလာသလိုပင်။ ကျွန်မနှင့်အငယ်မကို ခွဲခြား မသိတော့ခြင်းကလည်း ရယ်စရာကောင်းသလို သနားစရာကောင်းနေပြန်သည်။ ကျွန်မသည် စကားပြောနေရင်းနှင့်အငယ်မကို ပြောသည့်စကားတွေ ဝင်လာတတ်သည်။ ကျွန်မကမွေးသည့် သူအလွန်ချစ်ခဲ့သော တူမတွေကိုပင် မမှတ်မိတော့ပါတဲ့။ နှစ်ကာလ ဘယ်လောက်ကြာကြာ အစ်ကိုကြီးနှင့်ပတ်သက်လျှင်

ကျွန်မစွဲနေသည့်အရာတစ်ခုရှိ၏ ။ ထောင်ကထွက်လာပြီး အစ်ကိုကြီး ၏ ထမင်းစားဟန်ပင်။ လေးနှစ်ကျော်ကျော်နေခဲ့ရသော အရိပ်မည်း အုပ်မိုးကပ်ပါလာပုံက အစ်ကိုကြီးထမင်းစားလျှင် အနောက်က ကျားလိုက်နေသလို စား၏ ။ တပတ်ပတ်အသံမြည်လျက် မြန်မြန်စားလေရာ နှုတ်ခမ်းမွေးတွေပေါ် ထမင်းလုံးတွေစီရရီတင်နေတတ်သည်။ ထိုကိစ္စကို အမေ ဘယ်လိုပြောပြော မပြင်နိုင်ပါချေ။

"ထောင်ထဲမှာ မြန်မြန်စားရတယ်။ သုတ်သုတ်စားရတယ်။ နှေးနေရင်ငတ်ရော... တစ်နေ့တော့ ကန်စွန်းရွက်ဟင်းချိုထဲမှာ တီကောင်ထွေးကြီးပါလာတော့ လူတွေ တဝေ့ဝေ့ပြေး အန်ကြတာပေ့ါ။ ဘာရမလဲ ဘယ်သူမှမရှိတော့ အစ်ကိုကြီးတစ်ယောက်တည်း အများကြီးစားပစ် လိုက်တာပေ့ါ"

ထိုစကားများကို ကျွန်မရွံလည်းရွံ့ရှာ၊ သနားလည်း သနားစိတ်နှင့်နားထောင်ခဲ့ရဖူး၏ ။ ကျွန်မက နဂိုအရွံ့ရှာကြီးသူဖြစ်ရာ အစ်ကိုကြီး၏ "ဂံဖလား"ပုံပြင်ကို ဆက်လက်နားမထောင်ဝံ့တော့ ချေ။ ထိုစဉ်က ထောင်ကထွက်လာပြီး အတော်ကြာကြာ အနေအထိုင် အမူအကျင့်စရိုက်တွေ မပြင် နိုင်ဘဲ မိန်းမရပြီး မမည္ဝန့်ချွတ်မှကျွတ်ရသည့်ဘ၀၊ ဘယ်ခရီးကို ဘယ်ထီးနဲ့ မမည္ဝန့်စီမံသမျှ အဟောဂတ ခေါင်းညိတ်၊ အလိုလိုက် အကြိုက်ဆောင်ခဲ့ရသည့် အစ်ကိုကြီးဘ၀သည် ဂဠုန်ကြွေး တစ်ခုနှယ်ပင်။

မိန်းမကို ညတိုင်း နင်းနှိပ်ပေးရသည့်ဝတ္တရားက အသားမာတက်ခဲ့ပြီဖြစ်ရာ မိန်းမဆုံးတော့ ညွှန့်မရှိရင် မနေတတ်ဘူး ဖြစ်နေသည်မှာ အံ့သြစရာ။ နံနက်စောစောထပြီး ခြံထဲမှာ တံမြက်စည်း လှည်းတာ၊ မီးဖိုချောင်ဝင် ရေနွေးတည်၊ ဆန်ဆေး လုပ်ချင်တာတွေက မိန်းမသြဇာအောက်မှာ အသားသေ ခေါက်ရိုးကျိုးခဲ့သော နေထိုင်မှုပုံစံတွေဖြစ်သည်။

"အန်တီကြီးရေ...ဖေဖေ့ကိုတော့ မနိုင်တော့ဘူး။ အိမ်အလုပ်တွေ ဝင်မလုပ်ပါနဲ့ဆို စိတ်ဆိုးရော... ဒီအရွယ် ရေနွေးပူလောင်ရင် ဘယ်လိုလုပ်မလဲ။

ခြံထဲမှာ ချော်လဲရင်ကော။ မေမေ ဆင်ထားတဲ့ လက်ပတ်နာရီတို့ ရွှေကြယ်သီးတို့လည်း လမ်းမှာကျပျောက်လာတတ်တယ်။ မေ့တာ ကလည်း လွန်ပါရော။ ခရီးဝေးလည်း သွားလို့မကောင်းတော့ဘူး။ တစ်ခါလေ ဘုရားဖူးခေါ် သွားပါတယ်၊ ပြဿနာပေါ်လိုက်တာ။ ဖေဖေပျောက်သွားလို့လေ၊ ဒီနားမှာ ရပ်နေပါဆိုပြီး သမီးတို့ မုန့်ဝယ်နေကြတာ၊ လှည့်ကြည့်တော့ မရှိတော့ဘူး။ လူကို ချွေးပြန်သွားတာပဲ။ ရှာလိုက်ရတာ ဖတ်ဖတ်ကိုမောလို့၊ တော်တော်ကြာမှ အသံချဲ့စက်ထဲမက ဖေဖေ့အသံကိုကြားရတယ်။ အသံ နောက်လိုက်ရှာတော့မှ ထီဆိုင်ကမိုက်ကိုယူပြီး သူ့ကိုယ်သူ ကြော်ငြာဝင်နေတာကိုး။ သူဒီမှာ ရှိတယ်။ သမီးတွေနဲ့ လူစုကွဲသွားတယ်။ စီးလာတဲ့ကားနံပါတ်က ဘယ်လောက်ဆိုတာတောင် ပါရဲ့..."

အစ်ကိုကြီးသမီးက ဖုန်းထဲမှာ သူ့အဖေအကြောင်း လှမ်းတိုင်ခြင်းဖြစ်သည်။ ကျွန်မလည်း သထုံမပြန်နိုင်သဖြင့် အဝေးကပင် အစ်ကိုကြီးသတင်းကို နားစွင့်နေရသည်။ ယခုတစ်လော တူမလေးဆီက ဖုန်းမလာတာကြာပြီ။ ကိုယ်ဆက်လည်း နယ်ဖုန်းတွေက မိသည့်အခါမိ၊ မမိသည့် အခါမမိ။ ဖြစ်ချင်တော့ မင်္ဂလာဈေး ကားမှတ်တိုင်မှာ အစ်ကိုကြီးတပည့်တစ်ယောက်နှင့်ပက်ပင်းဆုံ သည်။

"အစ်ကိုကြီးတစ်ယောက် နေကောင်းရဲ့လား"

"ကောင်းပ့ါဗျာ ကျွန်တော်တို့ဆရာ ဒေါင်ဒေါင်ကိုမြည်လို့၊ အခုတလော အသံတောင် ပိုကျယ်လာသေးရဲ့။ လက်ဖက်ရည်ဆိုင်မှာ အာပေါင်အာရင်းသန်သန်နဲ့ဟောနေတာ၊ ခေတ် ကလည်း အရင်ကနဲ့မတူ လင်းပွင့်လာပြီမဟုတ်လား။ သမဂ္ဂအဆောက်အအုံတောင် ပြန်ဆောက် မယ်လိုလို ဂျာနယ်ထဲမှာ ဖတ်ရတာ ၊ ဆရာငယ်မူပြန်ပြီပေါ့။ သူတို့ခေတ်က လှုပ်ရှားခဲ့တာတွေ ထောင်အတွေ့အကြုံတွေကို လက်သီးလက်မောင်းတန်းပြီး ပြောနေလေရဲ့။ သူ့သမီး ဟန့်လည်းမရဘူး။ ကဗျာဆန်ဆန် စကားလုံးတွေလည်း သုံးသေးရဲ့။

နိုင်ငံရေးသမားရဲ့ ဝိညာဉ် ဆိုတာ ဘယ်တော့မှ မခန်းတဲ့မြစ်တဲ့"

အစ်ကိုကြီးသတင်းက အားရဖွယ်ရာပင်။ ညီမကြီးနဲ့ ညီမငယ်ကိုပင် ခွဲခြားမသိတော့သော၊ ဒီနေ့ နံနက်စာ စားပြီးပြီလား မစားရသေးဘူးလား မကြာခဏ အမှတ်မှားစွာ မှတ်ဉာဏ်တွေ နုံနဲ့ အားနည်းလာသော အစ်ကိုကြီးက နှစ်ပေါင်းများစွာက နိုင်ငံရေးလှုပ်ရှားခဲ့မှုတွေကို ပြန်လည် နိုးကြားသတိရလာသည်ဆိုတော့…အလို…ကျွန်မနားထဲမှာ ဒေါင်းအိုးဝေတွန်သံ ကြားလိုက်ရသလို ပါပဲလား။

**[ကလျာမဂ္ဂဇင်း၊ အမှတ် ၃၃၄၊ ဇန်နဝါရီလ ၂၀၁၃ -ခုနှစ်]**

*

အခန်း (၂)

# မြစ်တို့သည်လည်း အကွေ့ချင်းပြိုင် မဆုံနိုင်

မြို့လယ်ဘုရား တစ်ခုသောမုဒ်ပေါက်ရှေ့မှ ဖြတ်တဲ့အခါ အမျိုးသမီးရဲ့ခြေလှမ်းတွေ နှေးကွေးတုံ့ဆိုင်းသွားပါတော့တယ်။

တကယ်ဆို ဒီဘုရားရှေ့မှ ဖြတ်သန်းရန်ကလွဲပြီး ဘုရားတက်ဖူးဖို့ အမျိုးသမီးမှာ ရည်ရွယ် ချက်မရှိလှပါ။ ဘုရားပရဝဏ်ဘေးမှ ဖြတ်ပြီး ကားတွေဖြတ်သန်းသွားသလို မုခ်ဦးတွေရှေ့မှလည်း လူတွေဖြတ်သန်းသွားနေကြတာ ဥဒဟိုပင်။ အမျိုးသမီးပင် အဲဒီ လူတွေထဲက တစ်ယောက်ပါပဲ။ ဖြတ်တုန်းက အမှတ်တမဲ့ ဖြတ်လိုက်တာပါ။

မုခ်ပေါက်ရှေ့ ခိုစာရောင်းတဲ့နေရာ၊ ငှက်ရောင်းတဲ့နေရာရောက်တော့ အမျိုးသမီးရဲ့ အကြည့်တွေက တစ်နေရာကိုစူးစူးစိုက်စိုက်။ သူငေးစိုက်ကြည့်နေတဲ့ နေရာက ထူးထူးခြားခြား မြင်ကွင်းမဟုတ်ပါဘူး။ သူ့ထက် အသက်အတော်အတန်ငယ်တဲ့ သာမန်ရွက်ကြမ်းရေကျို မိန်းမ တစ်ယောက်၊ အဆင်အပြင်ကလည်း လက်လုပ်လက်စားတစ်ယောက်၊ ကပိုကရို တစ်ပတ်နွမ်း အဆင်အပြင်။ ဆံပင်မသပ်မရပ်၊ မျက်နှာမှာ သနပ်ခါးမရှိ၊ အဝတ်အစားတော်ရိလျော်ရိ။

ရွက်ကြမ်းရေကြိုကလေးဟာ ဒီနေရာနဲ့ အသားကျပျော်ဝင်နေသလိုမျိုး၊ ရင်းနှီးပွန်းတီး နေသလိုမျိုး၊ ပေါ့ပေါ့ပါးပါးစတိုင်နဲ့ ပန်းရောင်းသူတွေနားသွားလိုက်၊ ဖိနပ်အပ်လက်ခံသူတွေနား သွားလိုက်၊ စကားတွေ ဟောင်ဖွာဟောင်ဖွာ ပြောလိုက်၊ ဟိုလူဒီလူနဲ့ တွန်းထိုးရယ်မောလိုက်၊ ဒီနေရာဟာ သူ့အိမ်သူ့ယာ၊ သူကျင်လည်နေကျ စခန်းတစ်ခုလို အကျွမ်းတဝင်ကိုဖြစ်လို့။

အမျိုးသမီးရဲ့အကြည့်ဟာ ရွက်ကြမ်းရေကျိုကလေးရဲ့နောက်မှာ ထက်ကြပ်မကွာ လိုက်ပါ လို့နေတယ်။ စိတ်ထဲကည်း ဟုတ်ရဲ့လား...

ဟုတ်ရဲ့လားဆိုတဲ့ သံသယတွေ တွဲသီလို့။ တော်ကြာ နေတော့ စကားဟောင်ဖွာ ဟောင်ဖွာပြောနေတဲ့ ရွက်ကြမ်းရေကြိုကလေးဟာ ဖြုတ်ဆို မုခ်ဦး နံဘေးက အခန်းကလေးထဲ ဝင်သွားပါရော။

အမျိုးသမီးဟာယောင်ယောင်နနနဲ့ မုခ်ဦးထဲခြေလှမ်းတိုးဝင်လိုက်ပြီး ရွက်ကြမ်းရေကျို ကလေးဝင်သွားရာ အခန်းဆီ စောင်းငဲ့ကြည့်တော့ အမျိုးသားအမျိုးသမီးတဲ့။ သြော်... အိမ်သာထဲ ဝင်သွားတာပါလား။

"ဖိနပ်တွေ အပ်နိုင်ပါတယ်ရှင်"

ဖိနပ်အပ်ကောင်တာရှေ့က မိန်းကလေးအသံကြောင့် အမျိုးသမီးဟာ လွင့်ပါးနေတဲ့ အာရုံကိုစုစည်းလိုက်ရတယ်။ ဟုတ်ပါရဲ့ ဘုရားပေါ် တက်ချင်ရင် ဒီမှာဖိနပ်အပ်ရမှာ မဟုတ်လား။ သူက ဘုရားပေါ်တက်ဖို့မှအစီအစဉ်မရှိတာ။ ဒါဆိုရင် သူဘာလုပ်ရမလဲ။ ဘာလုပ်ရင်ကောင်းမလဲ။ ရပ်နေတာထက်စာရင် တစ်ခုခုလုပ်မှ။ မုခ်ဦးရှေ့လာပြီး ခိုစာကျွေးတာလည်းမဟုတ်၊ ငှက်လွှတ် တာလည်းမဟုတ်၊ ပန်းဝယ်တာလည်းမဟုတ်၊ ဘုရားပေါ်တက်ဖို့လည်းမဟုတ်၊ တော်ကြာနေ လူ တွေက သူ့ကိုမသင်္ကာဖြစ်လာရင်မကောင်းဘူး မဟုတ်လား။ သေချာမှုတစ်ခုကို အတည်ပြုဖို့ အတွက် သူရွက်ကြမ်းရေကြိုကလေးကို လိုက်ကြည့်နေတာ၊ အခုတော့ ဇိုးဇိုးဇတ်ဇတ်နဲ့ အိမ်သာထဲ ဝင်သွားပြီ။

သူ လိုက်ဝင်သွားရင်ကောင်းမလား။ အထဲမှာ တွေ့တွေ့ဆိုင်ဆိုင် တွေ့ပါပြီတဲ့၊ ဘာပြော မလဲ။ ကိုယ့်ဖက်က မသေချာဘဲနဲ့ နှုတ်ဆက်ပြီးမှ မဟုတ်ရင် ဆောရီးလုပ်နေရဦးမယ်။ ဒီတော့ သေချာဖို့ ဆက်စောင့်ကြည့်ရုံအပြင် ဘာမှမရှိ။

အမျိုးသမီးဟာ ဖိနပ်အပ်ကောင်တာနားကနေ မုခ်ပေါက်ရှေ့ကို ပြန်ထွက်လာတယ်။ ဘုရားရှေ့ရောက်ပြီး ဘုရားဝင်မဖူးဘဲ ပြန်ထွက်လာသူကို ဘယ်သူမှ သတိထားမိပုံ မတူသေးဘူး။

"အစ်မ ငှက်လွှတ်ပါဦးလား"

မိန်းမတစ်ယောက် သူ့ကိုဈေးခေါ်သံကြားတယ်။ ခြင်းထဲမှာ ငှက်မည်းမည်းလေးတွေ တစ်ကောင့်တစ်ကောင်တိုးခွေလို့ အသံစီစီမြည်နေတယ်။ သူငှက်တွေကိုကြည့်ပြီး ခေါင်းကို ခပ်လေးလေးရမ်းခါလိုက်တယ်။ သူ ငှက်လွှတ်ဝါသနာမပါဘူး။ ဘဝမှာ တစ်ခါမှ ငှက်မလွှတ်ဖူးဘူး။

နင့်အသက်တစ်ခါလွှတ်၊ ငါ့အသက်ဆယ်ခါလွှတ်လို့ ဆုတောင်းရမှာလည်း ကိုယ့်အတွက် များများအတ္တကြီးကြီးထင်လို့ တစ်ခါမှ ဆုမတောင်းမိဘူး။ တစ်ဖက်စောင်းနင်း ဆုတောင်းတွေကို သူ သဘောမကျဘူး။

ဒါကြောင့် ငှက်သည်ကို ခေါင်းရမ်းပြပြီး မုခ်ပေါက်ကနေ ဖယ်ခွာပြီးထွက်လိုက်တယ်။ အမျိုး သမီးဟာ ခရီးဆက်ဖို့ ခြေလှမ်းမလှမ်းနိုင်သေးဘူး။ ဈေးသည်တွေ နောက်ကျော သူ့ကို ဘယ်သူမှ ဂရုမထားနိုင်တဲ့နေရာမှာ ခြေစုံရပ်လို့ အိမ်သာခန်း အပေါက်ဝဆီ ခပ်စူးစူးကြည့်နေမိပြန်တယ်။

တကယ်ဆို ဒီနေရာက နေရောင်ခြည် တိုက်ရိုက်ကျနေတာမို့ ကြာကြာရပ်လို့ကောင်းတဲ့ နေရာမဟုတ်ဘူး။ လူတကာ ဥဒဟိုဖြတ်သွားပေမယ့် သူ့လိုရပ်တံ့ငေးရီနေတဲ့လူ တစ်ယောက်မှ မရှိဘူး။ ဒီနေ့မှ ထီးမပါလာလို့ အကာအကွယ်မဲ့ နေပူအောက်မှာ ချွေးတောင်စို့နေပြီ။ ဒါပေမယ့် သူ့ စိတ်ထဲ တစ်ခုခု သေချာချင်နေတယ်။

အတော်လေးကြာတော့ ရွက်ကြမ်းရေကြိုကလေး အိမ်သာထဲက ထွက်လာတာတွေ့လိုက် ရတယ်။ ဒီတစ်ခါ မျက်နှာချင်းဆိုင်မို့လို့ မျက်နှာကိုသေသေချာချာကြီး မြင်လိုက်ရတယ်။ ကိုယ်လုံး ကိုယ်ပေါက်က ဂဂပြည့်ပြည့်ဖြစ်သွားတာက လွဲရင် မျက်နှာပေါက်က အရင်မျက်နှာပေါက် အတိုင်းပါ။ မျက်လုံးအိမ်ကျယ်ကျယ်၊ နှာခေါင်းချွန်ချွန်၊ အလျားရှည်ပါးစပ်တို့ ပိုင်ရှင်… ဟုတ်ပါပြီ၊ သေချာ ပါပြီ။

သေချာပြီဆိုတာနဲ့ အမျိုးသမီးဟာ စိတ်လှုပ်ရှားနေပြန်ပါတယ်။ သွားနှုတ်ဆက်ရင် ကောင်း မလား၊ မနှုတ်ဆက်ရင် ကောင်းမလား။ နှုတ်ဆက်ရင်ကိုယ့်ကို မှတ်မိရင်တော်ပါရဲ့၊ မမှတ်မိဘူး ဆိုရင်ကော။ မမှတ်မိရင် အစဖော်ပြီး ပြောလိုက်မယ်။ ကိုယ် ဘယ်သူဘယ်ဝါဆိုတာ၊ ဒါဆိုရင် အဆင်ပြေမလား။

အဲဒီ နေ့ကနေပူထဲမှာအချိန်သာကြာသွားတယ်။ ဆုံးဖြတ်ချက်ကမကျပါဘူး။ အမျိုးသမီးဟာ လေးကန်တဲ့ခြေလှမ်းတွေနဲ့ ခရီးဆက်လက်ထွက်ခွာသွားတယ်။ အမျိုးသမီးစိတ်ကို စနိုးစနောက် ဖြစ်စေတဲ့အရာက တစ်ယောက်နဲ့တစ်ယောက် မှတ်မိသွားကြပြီဆိုရင် ရရှိဖြစ်ပေါ်လာတဲ့ အကျိုး ဆက်က...ဘာလဲ။ အဲဒီ အချိန်က အမျိုးသမီးကို တွန့်ဆုတ်တွေဝေစေတာပါ။

အိမ်ရောက်တော့ ပါလာတဲ့ပစ္စည်းတွေကိုတောင် နေသားတကျ မထားနိုင်ဘဲ အမျိုးသမီး ပါးစပ်က စကားတစ်ခွန်း အလျင်စလို ထွက်ကျသွားတော့တယ်။

"ကိုရေ မြို့ထဲမှာ မိဆုံနဲ့တွေ့လာတယ်"

"မိဆုံနဲ့ ဟုတ်လား"

အမျိုးသမီးက သူပြောလိုက်တဲ့စကားအပေါ် သူ့ခင်ပွန်းသည် ဘယ်လိုသဘောထားလဲ။ ဘယ်လောက်စိတ်ဝင်စားမှုရှိလဲ။ ဘယ်လိုတုံ့ပြန်မှုပေးမလဲ အကဲခတ်နေတာပါ။ တုံ့ပြန်မှုက မသွက် လက်ပါဘူး။ မိဆုံနဲ့ဟုတ်လားဆိုပြီး အသံတိတ်သွားတာမှ အကြာကြီး။

"ဘယ်နားမှာ တွေ့တာလဲ"

"မြို့လယ်ဘုရားရဲ့ မုခ်ဦးရှေ့မှာ...ကြည့်ရတာ ငှက်ရောင်းတာလား၊ ခိုစာရောင်းတာလား တစ်ခုခုပဲ"

အမျိုးသမီးဟာ ခင်ပွန်းသည်ရဲ့မျက်နှာကို ခပ်ငေးငေးကြည့်နေမိတယ်။ ရှင်းရှင်းပြောရရင် မျက်နှာပြင်ပေါ်က ခံစားချက်တွေကို ဖတ်ရှုနေတာပါ။ မိဆုံဆိုတဲ့ အသံကြားရင် ပြောင်းလဲသွား မယ့် မျက်နှာအမူအရာ၊ လေသံအနိမ့်အမြင့်...။

အမျိုးသမီးထင်သလို မဟုတ်ပါဘူး။ ခင်ပွန်းသည်ဟာ အေးအေးဆေးဆေး တည်တည်ငြိမ် ငြိမ်ဖြစ်နေတယ်။ သာမန်မိတ်ဟောင်းဆွေဟောင်း တစ်ယောက်ရဲ့အမည်ကို ကြားလိုက်ရသလိုမျိုး မတုန်မလှုပ်၊ မလှုပ်မခြောက်၊ အေးတိအေးစက်နဲ့။

တကယ်ဆို မိဆုံနဲ့တွေ့လာတယ်ဆိုရင် ဘယ်လိုပုံစံဖြစ်နေလဲ။ ပိန်နေလား၊ ဝနေလား။ အဆင်ပြေပြေ ပုံစံမျိုးလား... ဆိုတဲ့ မေးခွန်းတွေမြိုင်မြိုင် မေးနေရမှာလေ။ အခုတော့...

"မိဆုံဆိုတာ သေချာလို့လား"

"သေချာပါတယ်။ သေချာအောင်ကို တမင်အကြာကြီး စောင့်ကြည့်ခဲ့တာ"

"အင်းလေ တစ်ခါက တွံတေးမှာ အဒေါ်တစ်ယောက်နဲ့ဆုံတော့ အဲဒီဘုရားမှာ မိဆုံငှက် ရောင်းနေတယ် ပြောသံကြားထားတာ ဒါဆိုရင် ဟုတ်မှာပေါ့"

"မိဆုံနဲ့ မတွေ့ချင်ဘူးလား ဟင်"

အမျိုးသမီးက သူ့ခင်ပွန်းသည်ကို သွေးတိုးစမ်းပြီး မေးလိုက်ပါတယ်။

"တွေ့ချင်တယ်လည်း မဟုတ်ပါဘူး။ တွေ့တော့ရော ဘာထူးမှာလဲ"

"ထူးတော့ မထူးဘူးပေါ့။ ဒါပေမယ့် မိဆုံက... မိဆုံက"

"မိဆုံက...ဘာဖြစ်လဲ"

"မိဆုံက သူစိမ်းမဟုတ်ဘူး၊ ကို့နှမလေ"

အမျိုးသမီးရဲ့စကားက သူ့ခင်ပွန်းသည် မေ့လျော့နေတဲ့အရာကို တို့ထိသတိပေးလိုက်သလို ဖြစ်သွားပေမယ့် တုံ့ပြန်မှုက အားရဖွယ်မကောင်းပါဘူး။

"အို...အဖေမှ မတူတာ"

ခင်ပွန်းသည်ရဲ့ ဆင်ခြေအပေါ်မှာ အမျိုးသမီးဟာ အတော်ကလေး စိတ်ပျက်လက်ပျက် ဖြစ်သွားပါတယ်။

အဖေ မတူပေမယ့် အမေတူတယ်လေ။ အမေတူ အဖေကွဲဆိုတာ အရင်းအခြာလိုပါပဲလို့ စောဒကတက်ချင်ပေမယ့် မပြောဖြစ်တော့ပါဘူး။

ခင်ပွန်းသည်ဟာ ပြတင်းပေါက်ကနေ အဝေးမြင်ကွင်းတွေကို ငေးကြည့်နေတယ်။ သူ့စိတ် က အတိတ်ဟောင်းတွေက ရွက်လွင့်သွားပြီထင်ပါရဲ့။ ကမ်းရိုးတန်းမြို့ကလေးဆီမှ ငယ်ဘဝဆီ လွင့်ပါးသွားမှာ သေချာပါတယ်။ အမေရဲ့သားကြီးတစ်ယောက်အနေနဲ့ အမေ့ဒုတိယအိမ်ထောင် ပထွေးဖြစ်သူနဲ့ ဆက်ဆံရေးမပြေလည်ခဲ့မှုများ။ ကြမ်းတမ်းရက်စက်သော ကိုင်တွယ်မှု၊ ဗျူရိုကရက် ဆန်ဆန် အမိန့်ပေးဆက်ဆံခဲ့မှုများ၊ လူပျိုပေါက်အရွယ်လေး လမ်းဘေးဓာတ်တိုင်မှာ ကြိုးနှင့်တုတ် ၍ ရိုက်နှက်အရှက်ခွဲခံရမှုများ၊ ပတ်ဝန်းကျင်၏ အထင်အမြင်သေး အကြည့်အောက်တွင် သေးသိပ် ပျောက်ဆုံးသွားလိုသော စိတ်ဓာတ်နိမ့်ကျခဲ့ရသည့် ခါးသက်သက် ထူပျစ်ပျစ် စိတ်ဒဏ်ရာအနာဖေး များ။

အမျိုးသမီးနဲ့ အကြောင်းပါတော့ ခင်ပွန်းသည်ရဲ့ ဒဏ်ရာတွေ အနာကျက်ခါစ၊ မိသားစုမှာ မရခဲ့သော နွေးထွေးမေတ္တာတို့ ပေးဝေရင်း နှစ်ယောက်တစ်ဘဝကို ထူထောင်ခဲ့သည့်ကာလများ။

"ဘာမှမဟုတ်ဘူး အနှစ်သုံးဆယ် ရှိသွားပြီ"

ခင်ပွန်းသည်ဆီက စကားသံကြောင့် အမျိုးသမီးဟာ အတွေးတွေကို ရုတ်သိမ်းလိုက်ရ တယ်။

"အမေ အရင်ဆုံးတယ်။ အမေက သူ့ယောက်ျားညှင်းဆဲလို့ အသက်တိုသွားတာပါ။ ဆေးရုံပေါ်မှာ အရိုးဖိုးတက်တောင်း၊ မရရင် လူနာသောဘာသော နားမလည် လူကြားထဲမှာ ရိုက်လိုရိုက်၊ အမေသေတော့ ဝဋ်ကျွတ်သွားတာပေါ့။ ကျန်တဲ့ကလေးတွေ ကစင့်ကရဲဖြစ်၊ အကြီး ကောင် မောင်မောင်လည်း ဘာမှမဖြစ်၊ မိဆုံနှင့်မိလုံကိုတော့ အဒေါ်တွေက ခေါ်သွား... မကြာဘူး ပထွေးလည်း ဆုံးကရော...မိသားစုတစ်စုလုံး ဆန်ကောထဲက ဇီးဖြူသီးလို..."

ခင်ပွန်းသည်ဟာ အတိတ်ဇာတ်ကြောင်းတွေကို တိတ်ခွေနောက်ပြန်ရစ်သလို အာရုံထဲပေါ် သလောက်ပြောနေတာမှ အကြာကြီး။ ဒါတွေအမျိုးသမီးသိပြီးသား အကြောင်းအရာတွေပါ။ ကလေးတွေကို အိမ်မှာခေါ်ထားဖို့ ကြိုးစားခဲ့ပါသေးတယ်။ သူတို့မှာလည်း သမီးလေးတစ်ယောက် ရလာတော့ အဖော်အလျော်လည်းရအောင် ခေါ်ထားပေမယ့် ရေရှည်မခံခဲ့ဘူး။ လုံလုံကလေးက ရိုးပေမယ့် ဆုံဆုံဆိုတဲ့မဆုံက အရင်ကတည်းက"ဇ"ကလေးနဲ့။ အမိကက ငွေကြေးပေါ့။ အိမ်မှာ ပိုက်ဆံအိတ် အလစ်မပေးရဲ၊ သော့လက်က မချရဲ... ဒီလို မြွေပွေးခါးပိုက်ပိုက် ဖြစ်လာတော့ နဂို သွေးမနွေးတဲ့ ခင်ပွန်းသည်က အားလုံးကို ရှင်းပစ်လိုက်ပါရော။ ဆုံဆုံနှင့်လုံလုံ ရန်ကုန်က အဒေါ် တွေဆီ ပါသွားပြီး မတွေ့ဖြစ်ကြတော့ဘူး။ နောက်တော့ အငယ်မ လုံလုံအစာအိမ်ကင်ဆာနဲ့ ဆုံးသံ ကြားရတယ်။ ဒီကလေးမလေး ဆုံးသွားတာတော့ နှမျောဖို့ကောင်းတယ်လို့ အမျိုးသမီးမှာ မကြာ ခဏတွေးနေမိတယ်။ ခပ်ဆိုးဆိုး မိဆုံလင်ရသွားတယ်ဆိုတော့ သဲ့သဲ့ကြားရာကနေ လုံးဝ အဆက်အသွယ်ပြတ်သွားတော့ ခင်ပွန်းသည်က ဒါလည်း အေးတာပဲတဲ့။

နဂိုသွေးမနွေးရတဲ့အထဲ တစ်ခါတည်းကို အေးတိအေးစက်ဖြစ်သွားလိုက်တာ အနှစ် သုံးဆယ်ကိုကြာပါရော။ သူတို့ ရန်ကုန်ပြောင်းလာပြီးတော့လည်း မရှာဖွေမစုံစမ်း မဆက်သွယ် မိဘူး။

ပြတ်လက်စနဲ့ပြတ်နေလိုက်တာ။ အခု အဲဒီ ပြတ်နေတဲ့ အစကို အမျိုးသမီးကိုယ်တိုင် ပြန်ဆွဲ ယူလာတာလေ။

"သံယောဇဉ်တော့ ရှိလှလို့မဟုတ်ဘူး။ အမေတူနေတော့ အမေ့ကျေးဇူးဆပ်တဲ့အနေနဲ့ တကယ်လို့များတွေ့ခဲ့ရင် ငွေလေးဘာလေး ပေးကမ်းချင်တာတစ်ခုပါ။ ပြန်ဆက်သွယ်မိရင် အိမ်ကို ဝင်မှာထွက်မှာနဲ့ သူတို့စရိုက်နဲ့ မကိုက်ဘူး။ အခု အကြီးကောင် မောင်မောင်လည်း မူးမူးရူးရူးနဲ့ သူ့ ဆီမှာပဲလို့ကြားတယ်။ အဲဒါတွေစုပုံပြီး ဒီမှာ ဒုက္ခလာပေးမှာ မလိုလားဘူး။ အသက်တွေလည်း မငယ်တော့ဘူး။ ဘဝတွေလည်း တည်ငြိမ်နေပြီ၊ ဒီအချိန်မှ စိတ်ဒုက္ခနဲ့ရင်မဆိုင်ချင်တော့ဘူး။ ကိုယ့်ကိုဒုက္ခပေးတာ အရေးမကြီးဘူး။ ကလေးတွေအိမ် အမျိုးစပ်ပြီး တက်ဆင်းနေမှ..."

အမျိုးသမီး မတွေးမိတဲ့ကိစ္စတွေ ခင်ပွန်းသည်တွေးမိနေပါရောလား။ လူတစ်ယောက်နဲ့ တစ်ယောက်ကယ်တင် ဆယ်မတယ်ဆိုတဲ့ကိစ္စဟာ ထင်သလောက်မလွယ်ပါလား။ ကူညီလို့ ကူညီ ရာမရောက်တဲ့ကိစ္စတွေ လောကကြီးမှာ အများသား။ ဒါဆိုရင် ကိုယ့်သွေးသားတွေ ဒီလိုမပြည့်မစုံ ဖြစ်နေတာ မျက်နှာလွှဲထားရတော့မလား။

အပြင်မှာပဲ တွေ့ဆုံအကူအညီပေး၊ အိမ်လိပ်စာတွေ ဘာတွေမပေးနဲ့၊ အဲလိုဆိုရင်ကော။ အမျိုးသမီးစိတ်ထဲမှာ နူးညံ့တဲ့ နှလုံးသားရဲ့စေစားချက်ကြောင့် အကူအညီပေးချင်တာကတစ်ဖက်၊ မလိုလားဘဲရောက်ရှိလာမယ့် စိတ်အနှောင့်အယှက်တွေက တစ်ဖက် လွန်ဆွဲနေတော့တယ်။ ခင်ပွန်းသည်ကတော့ နဂိုက သွေးမနွေးခဲ့သူပီပီ ခပ်အေးအေးပါပဲ။ မိဆုံနဲ့တွေ့လာမှုအပေါ် ဘာမှ ထူးထူးကဲကဲ ခံစားရပုံမပေါ်ဘူး။

သွေးဆိုတာ နွေးတာ အေးတာနဲ့မဆိုင်၊ ပျစ်တာကျဲတာနဲ့မဆိုင်၊ ပါဝင်ပေါင်းဖွဲ့တော်စပ်မှုနဲ့ သာ သက်ဆိုင်တယ်ဆိုတဲ့ စကားကိုတော့ အမျိုးသမီးယုံကြည်နေမိတယ်။

x x သုံးဆယ့်ကိုး ဗိုက်ပူကြီးလို ဂျူန်းဂျူန်းကျနေပြီ…
ဂျူန်းဂျူန်းကျနေပြီ… သုံးဆယ့်ကိုး ဗိုက်ပူကြီးလို… x x x

ဒီလိုအသံတွေကြားနေရပြီဆို အဘကျော် အလုပ်ရှိန်တက်နေပြီဆိုတာ ခန့်မှန်းလို့ရတယ်။ အဘကျော်က အလုပ်လုပ်ရင် သီချင်းနဲ့မှ၊ သီချင်းတွေကလည်း ခေတ်ပေါ်ဟစ်ဟော့လို သီချင်းတွေ ဖြစ်နေတတ်တယ်။ စိုင်းစိုင်းသီချင်းတွေ ခေတ်စားတော့ အဘကျော်နှုတ်ဖျားကို အရင် ဆုံးရောက်လာတာက အိုးကလေး လှုပ်ပါဟေ့ အိုးကလေး လှုပ်ပါဟေ့…တဲ့။ အခုလည်း ဘာတွေ ဂျူန်းဂျူန်းကျနေပြန်တယ် မသိ။

"အဘကျော် တဂျူန်းဂျူန်းနဲ့ ဘာဖြစ်နေတာတုံး"

မိဆုံ အဲဒီ လိုမေးတော့ အဘကျော်က…

"ဟ…မိဆုံရ…နင်တို့ တီဗွီမကြည့်ဘူးလား၊ အခုချာနယ်ဆဲဗင်းဆိုတာ ပေါ်နေတာ အဲဒီ မှာ… အိမ်မက်ဆုံရာ သီချင်းပြိုင်ပွဲဆိုတာ ကောင်လေးတွေ ဒီသီချင်းနဲ့ပြိုင်ကြတာ၊ နေဦး-စတိုင်က ဒီလို…"

အဘကျော်က သူဆောင်းနေကျ လျှာထိုးဦးထုပ်ကို နောက်ပြန်ဆောင်းလိုက်ပြီ။ "သုံးဆယ့်ကိုး ဗိုက်ပူကြီးလို ဂျူန်းဂျူန်းကျနေပြီ… ဂျူန်းဂျူန်းကျနေပြီ"လို့ အိုက်တင်လုပ်ပြလိုက်တာ စျေးသည်တွေ တအုန်းအုန်းရယ်လို့ မဆုံးဘူး။ အဘကျော်က ဘုရားရင်ပြင်နဲ့ အနီးဝန်းကျင် သန့်ရှင်းရေးအတွက် တာဝန်ယူရတဲ့ သန့်ရှင်းရေးလုပ်သားဆိုပါတော့။ လူကသာ အမှိုက်သိမ်းတာ၊ အဝတ်အစား သပ်သပ်ရပ်ရပ်စီကို နာရီကြီးတဝင်းဝင်းနဲ့ ပျော်ပျော်နေတတ်တာ။ သူ့ရဲ့ ဟောင်းပေ မယ့်ကောင်းနေသေးတဲ့ စီကိုနာရီကြီးကိုလည်း လူထူရင်မြှောက်…မြှောက် ကြည့်ရတာ အမော။

အဘကျော် ဒီလိုပျော်နေရင် သတင်းထူး သတင်းဦးတွေ ပြောစရာရှိနေတတ်တယ်။ အဘကျော် သားမက်က ဂျာနယ်ရောင်းသမားမို့

သတင်းထူးသတင်းဦးတွေ သိခွင့်ရနေတာ မဆန်း ပါဘူး။ ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်တက်တော့မယ်ဆိုတဲ့ သတင်းမျိုး၊ အမေရိကန်သမ္မတ အိုဘားမားမြန်မာပြည်ကိုလာမယ်ဆိုတဲ့ သတင်းမျိုး အဘကျော်ဆီက ကြားရလေ့ရှိတယ်။

မိဆုံကတော့ အိုဘားမားပဲ လာလာ၊ ဘယ်သူပဲလာလာ ဒီခြင်းထဲက ငှက်တွေမြန်မြန်ကုန်မှ အဆင်ပြေမယ့်ဘ၀၊ အဘကျော် ပြောပြောနေတဲ့ အရှေ့အလယ်ပိုင်းပြဿနာ(အစာအိမ်ဗိုက်ပြည့် ဖို့ ပြဿနာ)က လက်လှုပ်မှ ပါးစပ်လှုပ်ရမှာလေ။ လင်နှစ်ခါရဖူးတဲ့ မိဆုံ အခုထိ လင်အကျိုး မခံစားရသေးဘူး။ သားတွေလည်း မွေးကောင်းကောင်းနဲ့ မွေးလိုက်တာ သုံးယောက်ကြီး များတောင်၊ အကြီးကောင်က ဆယ်တန်းမအောင်နိုင်လို့ ဝပ်ရှော့အလုပ်သင်ပို့ထားရတာ ။ အငယ် နှစ်ယောက်က ကျောင်းနေတုန်း၊ အရင်ယောကျ်ားတုန်းကလည်း သွေးဆိုးဆိုး၊ နောက်ယူတဲ့ ယောကျ်ားလည်း ထူးမခြားနား၊ ဒီကြားထဲ စီးပွားပျက်၊ အိမ်ထောင်ပျက်၊ အစ်ကိုတစ်ယောက် အိမ် ပေါ်ရောက်လာတော့လည်း ဒီပုတ်ထဲက ဒီပဲ။

ယောကျ်ားတွေ ဘာလို့အရက်ကြိုက်ကြသလဲ။ အရက်ကြိုက်ပြီး ဘာလို့သွေးဆိုးသလဲ။ မိန်းမကို ရိုက်ချင်၊ သားတွေကို ထိုးချင်၊ ပန်းကန်ခွက်ယောက်တွေကို ခွဲချင်တာတွေ ဘာလို့ တူနေ ရတာ လဲ။ မိဆုံ အဖေ့အကြောင်းစဉ်းစားလိုက်ရင် အဖေလည်း ဒီလိုပဲ။ အမေ့ကို တစ်သက်လုံး မူးပြီး ဂျီကျ၊ သောင်းကျန်းဆဲရေး ရိုက်နှက်ခဲ့တာ အာရုံထဲမှာ တဖျတ်ဖျတ်၊ နောက်ဆုံးတော့ မိဆုံ ကိုယ့်အားကိုယ်ကိုးရတော့တာပဲ။

အင်း... ပြောကြစို့ဆိုရင် မိဆုံ အပျိုပေါက်ဖြစ်လာတဲ့အချိန်မှာ အမေဆုံးသွားတာဆိုးတာ။ အမေ မရှိတော့ အိမ်မှာ အိမ်အလုပ်တွေလုပ်ရမယ် အကြောင်းပြပြီး ကိုယ့်သဘောနဲ့ကိုယ် ကျောင်း ထွက်လိုက်တော့တယ်။ အိမ်အလုပ်ဆိုတာ ကြီးကြီးကျယ်ကျယ်ပြောနေတာ၊ ထမင်းဟင်းချက် တာကလွဲပြီး

မည်မည်ရရ ဘာရှိလို့လဲ။ အားနေရင် အိမ်တံစက်မြိတ်အစွန်းမှာထိုင်၊ ရပ်ကွက်ထဲက မိန်းမကြီးတွေ ဈေးသွားတဲ့အခါ မိဆုံလိုက်ခဲ့ဦးဆို ခြေပေါ့လက်ပေါ့လိုက်သွား၊ ဆွဲခြင်း ဆွဲကူ၊ အထုပ်အပိုးသယ်ကူ။ နောက်တော့ အိမ်တကာရဲ့မီးဖိုထဲအထိရောက်ကရောဆိုပါတော့။ အလိုလို နေရင်း ရပ်ကွက်တစ်ကွက်လုံးရဲ့ လက်တိုလက်တောင်းကိုဖြစ်လို့။

ဒီအချိန် အဖေက အဝေးမှာအလုပ်သွားကျတော့ အိမ်မှာ မိဆုံအလွတ်ကြီးလွတ်နေတော့ တာပေ့ါ။ ဒီအချိန်မှာ ဒီလိုစည်းလွတ်ဝါးလွတ်နေတာကို သဘောမတွေ့လေ့ရှိတဲ့ အစ်ကိုကြီးက မိဆုံ ကိုရော မိလုံးကိုပါ လာခေါ်သွားပါရော။ အစ်ကိုကြီးကိုတော့ မိဆုံနည်းနည်းလန့်တယ်။ အဖေမတူ တာရော၊ အိမ်ခွဲနေတာရောပေါင်းပြီး ခပ်စိမ်းစိမ်းပါပဲ။ အစ်ကိုကြီးက အမေမရှိတော့ သူ့မှာ ဂတ္တရား ရှိတယ်ဆိုပြီးလာခေါ်တာပါ။ မိဆုံ အစ်ကိုကြီးအိမ်မှာမပျော်ဘူး။ တစ်သက်လုံး အမေရှိစဉ်ကလည်း အမေ့မကြောက်ဘဲနေလာတာဆိုတော့မကြောက်ချင်ဘဲကြောက်နေရတဲ့ အစ်ကိုကြီးအိမ်မှာမပျော် ဘူး။ အစ်ကိုကြီးရော၊ ယောင်းမရောက ဝန်ထမ်းတွေမို့ မွေးထားတဲ့သမီးလေးကို ကြည့်ရှုထိန်း ကျောင်းရင်းနေရတာ တကယ်ဆို ပြေလည်အောင် နေနိုင်ရမှာပေ့ါ။

လုံလုံက အစ်ကိုကြီး စည်းကမ်းအတိုင်း နေနိုင်ပေမယ့် မိဆုံကတော့ ခွေးမြီးကောက် ကျည် ထောက်စွပ်သလို ခဏပါပဲ။ မိဆုံလက်ဆော့တာ အကြိမ်ကြိမ်မိ၊ အကြိမ်ကြိမ်ဆုံးမ၊ နောက်ဆုံး တော့ အစ်ကိုကြီးလက်လျှော့လိုက်တဲ့အခါ ရန်ကုန်ကလာခေါ်တဲ့ အဒေါ်တွေနောက် ကောက် ကောက်ပါအောင် လိုက်ခဲ့ရတော့တယ်။

မိဆုံကလည်း မိဆုံပဲလေ။ တစ်သက်လုံး လွတ်လာတော့ ကိုင်လိုက်ရင်ချုပ်လိုက်ရင် မရ တော့ဘူး။ ဒါကြောင့် အဒေါ်ဆီကနေ

ယောက်ျားနောက်ပြေးလိုက်တဲ့ဆီ ရောက်တော့တယ်။ အင်း… အခုတော့ မိလုံလည်းဆုံး၊ မိဆုံလည်း နှစ်လင်ပြောင်း၊ စီးပွားရေးကလည်း မကောင်း၊ သားတွေကလည်း အားမကိုးရ၊ လင်ယောက်ျားတွေကတော့ မရှိမကောင်း ရှိမကောင်း… ညကလည်း လင်မယားသတ်ရသေး၊ အင်းလေ… မသတ်တဲ့ရက် ဘယ်နှစ်ရက်ရှိလို့လဲ။ အလုပ်ထဲရောက်တော့ အဘကျော်က ဂျုန်းဂျုန်းကျနေပြီတဲ့၊ အဲဒါမိဆုံစိတ်ကို ပြောတာနေမှာ…

နေလည်း ရင့်လာပြီ၊ ဈေးဦးလည်း မပေါက်သေးဘူး။ အကာအရံမဲ့ နေပူကြီးထဲမှာ ထိုင်နေ ရတာ က စိတ်ပျက်စရာ၊ ဒီလိုမှ မရောင်းရင်လည်းမဖြစ်၊ ဒီမှာက အားလုံးသူလိုကိုယ်လိုတွေချည်း…၊ ဟော…အမျိုးသမီးတစ်ယောက် နေကာမျက်မှန်နဲ့ စလင်းဘက်အိတ်လက်ချိတ်လို့… ဒီလိုစတိုင်မျိုး က ငှက်တွေဘာတွေလွှတ်ပြီး ကုသိုလ်ယူတတ်တဲ့စတိုင်မျိုး…

"လာနော်…လာနော်…ငှက်ကလေးတွေ လွှတ်ကြမယ်"

မိဆုံ အသံပေးလိုက်လို့လား မသိဘူး။ အမျိုးသမီးက မိဆုံရှေ့မှာ တည့်တည့်မတ်မတ် ရပ်လိုက်ပါရောလား။ ရွှေ့…နိတ်ပြီ ဈေးဦးပေါက်ရချည်သေး၊ တစ်ခါတည်း သက်စေ့လွှတ်မယ်ဆို ကောင်းပေ့ါ။ အမျိုးသမီးအသက်က လေးဆယ်ကျော်လား ငါးဆယ်ကျော်လား…

"မိဆုံ… မိဆုံ မဟုတ်လားဟင်"

ငှက်ဝယ်မယ်ထင်နေတဲ့ အမျိုးသမီးဆီက ထွက်လာတဲ့ စကားသံက မိဆုံကိုအံ့အားသင့် စေတယ်။ မိဆုံနာမည် မှတ်ပုံတင်ထဲမှာ မင်းမင်းမြတ်ပါ။ ရင်းနှီးသူတွေသာ မိဆုံခေါ်တော့ ဒီအမျိုး သမီးဟာ ရင်းနှီးသူထဲကလား။

"မမှတ်မိဘူးလား…"

မိဆုံ မော်ကြည့်ပြီးခေါင်းကို ခပ်လေးလေးရမ်းခါလိုက်တယ်။ အမျိုးသမီးက နေကာမျက်မှန် ကို ချွတ်လိုက်ပြီး…

"မင်းတို့ အစ်ကိုကြီးဇနီးပါ။ မြိတ်ကလေ...အခု
ရန်ကုန်ကိုရောက်နေတာ၊ အစ်ကိုကြီးလည်း ပါတယ်။ အခု မြောက်ဒဂုံမှာ
တည်းနေတယ် "

"သြော်"

မိဆုံ တုံ့ပြန်ပုံနှေးနေလို့ အမျိုးသမီးကပဲ
မေးခွန်းတွေဆက်မေးနေတယ်။

"အခု... ဘယ်မှာနေလဲ"

"ဟိုး... သာကေတမှာ"

"အိမ်ထောင်ကျပြီလား"

"ကျပြီ၊ ကလေးသုံးယောက်နဲ့"

"မနေ့က ဒီနားရောက်သေးတယ်၊ မိဆုံနဲ့တူပါတယ်လို့ ကြည့်နေတာ"

"ဟုတ်လား ခေါ်လိုက်ရောပေါ့"

"မင်းတို့အစ်ကိုကြီးကလည်း တွေ့ချင်နေတယ်"

"အင်း... မိဆုံ ဒီမှာ အမြဲရှိပါတယ်"

ဒီလို မေးတစ်ခွန်း ပြောတစ်ခွန်းနဲ့ အမျိုးသမီးထွက်သွားပါရော။ မိဆုံ
ခပ်လှမ်းလှမ်းရောက် သွားတဲ့ အမျိုးသမီးရဲ့ကျောပြင်ကို ငေးကြည့်ရင်း
နှစ်ပေါင်းများစွာက အစ်ကိုကြီးမိသားစုကို သတိရသွားတော့တယ်။

အစ်ကိုကြီးက တွေ့ချင်သတဲ့။ နှစ်တွေ အကြာကြီးပစ်ထားပြီး အခုမှ
ဘာလို့တွေ့ချင် ရတာ လဲ၊ မိဆုံရော တွေ့ချင်သလား။ ယောင်းမဖြစ်သူကို
မြင်လိုက်ရလို့ ဝမ်းမြောက်ဝမ်းသာ မဖြစ် တာတော့ သေချာတယ်။ တကယ်ဆို အစ်မ
ဘယ်တုန်းကရောက်လဲ။ ကလေးတွေကြီးရောပေါ့၊ ဘယ်နှစ်တန်းရောက်ကုန်ပြီလဲ။

အစ်ကိုကြီးရော နေကောင်းလား စသည်ဖြင့် စကားဖွယ်ရာ ပြော သင့်တာပေါ့။

ဘာဂကို ဒုက္ခတရားတွေနဲ့ ဖြတ်သန်းရလွန်းလို့ မိဆုံနှလုံးသားတွေ အေးခဲသွားပြီလား။ အစ်ကိုငယ်က အိမ်ပေါ်တက် ဒုက္ခပေးနေလို့ အစ်ကိုကြီးကိုပါ တွေ့ဖို့ စိတ်ဓာတ်မထက်သန် တာလား။ အစ်ကိုကြီးက ဘာပဲပြောပြော လုပ်တတ်ကိုင်တတ် ရှာဖွေတတ်၊ ယောင်းမကလည်း စုစု ဆောင်းဆောင်းနဲ့ ပြေပြေလည်လည်ရှိဟန်တူရဲ့။ အေးတိအေးစက်နဲ့ စကားတွေ မေးတစ်ခွန်း ပြောတစ်ခွန်း ဖြစ်သွားတာ ရိုင်းသွားပြီထင်ပါရဲ့။

အဲဒီ ညက မိဆုံ အိပ်မပျော်ဘူး။ နဖူးပေါ်လက်တင်ပြီး စဉ်းစားနေမိတာမှ မိုးအလင်းပါပဲ။

"ဒီနေ့ မိဆုံနဲ့ သွားတွေ့ဖြစ်တယ်"

"ဟုတ်လား...မှတ်မိရဲ့လား"

"မမှတ်မိဘူး မင်းတို့အစ်ကိုကြီး မိန်းမလို့ အစဖော်ပေးရတာ ပေါ့"

"အစဖော်လိုက်တော့"

"အင်း...သူ့ပုံစံက အေးတိအေးစက်ပါပဲ။ ဆွေမျိုးတွေ့လို့မှ ဝမ်းသာအယ်လဲဖြစ်ပုံမရ၊ မင်းတို့ အစ်ကိုကြီးကလည်း တွေ့ချင်နေတယ်လို့ပြောတာတောင် ပြန်ပြောပုံက မိဆုံ ဒီမှာအမြဲရှိတယ်တဲ့။ တွေ့ချင်ရင် ဒီကိုလာဆိုတဲ့ သဘောပေါ့"

"သူလည်း နာကျင်နေမှာပေါ့လေ... နှစ်တွေကြာမှ ဘာလို့တွေ့ချင်တာလဲဖြစ်နေမှာပေါ့။ အစကတည်းက နွေးနွေးထွေးထွေး မနေခဲ့ကြတော့ သူ့မှာလည်း သူ့ခံစားချက်နဲ့သူ ရှိမှာပါပဲ။ ကိုယ် နားလည်ပါတယ်"

"ကိုရေ ဒီလိုလည်း ဖြစ်နိုင်သေးရဲ့။ လူတွေဟာ ဆင်းရဲကျပ်တည်းစွာ အနေကြာလာတဲ့ အခါ ဆင်းရဲသားမာနဆိုတာ ရှိလာတတ်တယ်။

ဘယ်သူတွေဘာကြီးဖြစ်နေနေ ကိုယ့်မှာရှိမှ ကိုယ်စားရတာ ၊ ကိုယ်ရှာမှ ကိုယ်စားရတာ အာရုံနောက်အောင် လာမလုပ်ကြနဲ့ဆိုတဲ့ ပုံစံမျိုးပေါ့"

"အေးလေ... ထားလိုက်ပါတော့၊ ကံဆုံစား... ကံကုန်သွားဆိုတဲ့ စကားလို ကံရှိရင် ကံဆုံရင် ပြန်ကြုံကြဦးမှာပေါ့။ ဒီကိစ္စမရှိခဲ့ဘူးလို့ မှတ်လိုက်မယ်။ တကူးတကတော့ စိတ်ထဲထား မနေတော့ဘူး"

အဲဒီ နေ့ကစပြီး မိဆုံ အိပ်မပျော်ဘူး။ နေလို့မကောင်းဘူး၊ ဈေးရောင်းလည်း မဖြောင့်ဘူး၊ နေပူပူအောက် ငှက်ခြင်းနားထိုင်ပြီး ဟိုတစ်နေ့ကလို ရှေ့မှာလာရပ်မယ့် နေကာမျက်မှန်နဲ့ စလင်း ဘက်အိတ် လက်ချိတ်ထားတဲ့ မိန်းမကို မျှော်နေမိတယ်။ အနီးအနားက ဈေးရောင်းဖော် ဈေးရောင်းဖက် အေးမတို့ ပုတိုတို့ကိုလည်း မှာထားရတယ်။ ကြည့်ပါဟဲ့ ကြည့်ကြပါဟဲ့ သေသေ ချာချာ၊ နေကာမျက်မှန်တပ် စလင်းဘက်အိတ် လက်ချိတ်ပြီး လျှောက်လာတဲ့ မိန်းမတစ်ယောက် တွေ့ရင် ငါ့ကိုမြန်မြန်ခေါ်လိုက်၊ အဲဒါ ငါ့အကိုကြီး မိန်းမ၊ ငါ့ယောင်းမ၊ ငါ့အစ်ကိုကြီးက အစိုးရဌာန တစ်ခုမှာ ရာထူးရာခံနဲ့၊ ငါ့ယောင်းမက ကျောင်းဆရာမ။ သူတို့မှာ သမီးလေးတစ်ယောက်ရှိတယ်။ ဒီသမီးလေးကို ငါကိုယ်တိုင်ထိန်းခဲ့ရတာ ။

မိဆုံတို့ လမ်းဆုံလမ်းခွ ဘုရားမုခ်ဦးမှာ ငှက်ရောင်းတယ်ဆိုတိုင်း ဆွေမရှိ မျိုးမရှိ မထင်ကြနဲ့၊ ဆွေနဲ့မျိုးနဲ့ဟဲ့။ အစ်ကိုကြီးက ငါ့ကိုတွေ့ချင်သတဲ့။ ဟိုနေ့က ပြောသွားတာကြားတယ် မဟုတ်လား။ မကြာခင် သူတို့လာကြလိမ့်မယ်။ အစ်ကိုကြီးက သိပ်မကျန်းမာဘူးတဲ့။ ပိန်သွားပြီတဲ့။ ရတ်တရက်ဆို မှတ်မိပ့ါမလား။ ယောင်းမကိုတော့ သေသေချာချာမှတ်မိသွားပြီ။ ဟိုမှာ လာနေတဲ့ အစိမ်းရောင်ဂမ်းဆက်နဲ့ဟာလား ဟုတ်သေးပါဘူး။ ဒီဘက်က လျှောက်လာတဲ့ ချိတ်ပန်းရောင်ဝတ် ထားတဲ့တစ်ယောက်ဟာကော...နေကာမျက်မှန်တပ်ထားတဲ့ မိန်းမတွေနေရောင်အောက်မှာ များ လိုက်တာ၊ ဘယ်ဟာ မိဆုံယောင်းမ ဖြစ်မလဲဟင်။

မိဆုံတစ်ယောက်တည်း စိတ်တွေ ယောက်ယက်ခတ်နေတယ်။ ဘုရားဖူးအဖွဲ့တွေ ကျလာလို့ အေးမတို့တစ်တွေ ဈေးခေါ်နေကြပြီ။ ငှက်သမားတွေက ငှက်ရောင်းဖို့ စိုင်းပြင်းသလို ခိုစာရောင်းတဲ့ လူတွေလည်း လူတွေခိုစာကျွေးချင်အောင် ခေါ်နေကြပြီ၊ ပန်းသည်တွေကတော့ လက်ထဲ ပန်းစည်းအတင်းထိုးထည့်တော့မယ့်အတိုင်း ဝယ်ပါ တစာစာနဲ့ပေ့ါ။ အဲဒီ အထဲက ထိုးဖောက်ထွက်လာတဲ့ အဘကျော်ရဲ့အသံ။

x x သုံးဆယ့်ကိုး ဗိုက်ပူကြီးလို ဂျုန်းဂျုန်းကျနေပြီ… သုံးဆယ့်ကိုး ဗိုက်ပူကြီးလို… x x x

**[ပြည့်တော်မဂ္ဂဇင်း၊ အမှတ်(၁၅၆)၊ ဖေဖော်ဝါရီလ ၂၀၁၃ -ခုနှစ်]**

*